မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပဂိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက် ၂၀၂၅ ခုနှစ်၊ သြဂုတ် ၄ ရက်၊ တနလာနေ့ အတွဲ (၆၄)၊ အမှတ်(၃၀၄)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်း နိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့အနေဖြင့် ရှေးမူမပျက်စေဘဲ ပြန်လည်ထိန်းသိမ်းဆောင်ရွက်ထားရှိခြင်းသည် အနာဂတ်လူငယ်များ မျိုးချစ်စိတ်ဓာတ်များ ပိုမိုထွန်းကားလာအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်

နေပြည်တော် သြဂုတ် ၃

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် ဇနီး ဒေါ်ကြူကြူလှ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ လိုက်ပါ၍ ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✪

ယနေ့ ဖတ်စရာ

ဘားအံမြို့၌ (၄၆)ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လ ချည်ပြုပွဲ ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ — ပြည်တွင်းသတင်း — စာ ၈

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၇) စာမေးပွဲစနစ်နှင့် စစ်ဆေးအကဲဖြတ်မှုစနစ်များ — ဆောင်းပါး — စာ ၁၀

အစ္စရေးနှင့် အပစ်အခတ်ရပ်စဲပြီးနောက် အီရန်လေပိုင်နက်ကို အပြည့်အဝပြန်ဖွင့် — နိုင်ငံတကာသတင်း — စာ ၁၄

တိမ်မြုပ်ပျောက်ကွယ်နေသည့် အမွေအနှစ်များ ပြန်လည်ဖော်ထုတ်ရာတွင် နိုင်ငံသားတိုင်း ပူးပေါင်းပါဝင်

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် အစောဆုံး မြို့ပြများ ထူထောင်နိုင်ခဲ့သော သမိုင်းရှိသည့် နိုင်ငံဖြစ်သည်။ ဗိသ္ဏုနိုး၊ ဟန်လင်း၊ သရေခေတ္တရာစသည့် ပျူခေတ်မြို့ပြနိုင်ငံများမှ သည် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် စသည်ဖြင့် နှစ်ပေါင်းထောင်ချီ၍ စိုးစံခဲ့သည့် မင်းအဆက်ဆက်တို့၏ လက်ထက်များတွင် မြို့များ အများအပြား တည်ဆောက်ခဲ့သော်လည်း မြေပြင်ပေါ်တွင် လက်ညှိုးထိုးပြစရာ တစ်ခုမျှမရှိခဲ့။

တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး မြန်မာတို့၏ နောက်ဆုံး ဘုရင်ဖြစ်သော သီပေါမင်းနှင့် မိဖုရားတို့ကို အိန္ဒိယသို့ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ပြီးနောက်တွင် အင်္ဂလိပ်တို့လက်ထဲသို့ ကျရောက်ခဲ့သော မန္တလေးနန်းတော်၏ သက်တမ်းမှာ ၂၆ နှစ်မျှ သာရှိသေးသည်။ မြန်မာနိုင်ငံ ကိုလိုနီဘဝကျရောက်ချိန်တွင် သမိုင်းအစဉ်အလာကြီးသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရှေးဟောင်းနန်းတော်ရာများ အပါအဝင် ယဉ်ကျေးမှုအမွေအနှစ် အများအပြား ရှိနေခဲ့ရာ နယ်ချဲ့တို့၏ အကွက်ချ ဖျက်ဆီးမှုများကြောင့် အများအပြား ပျက်စီးခဲ့ရသည်။ ရှေးဟောင်းစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ မြို့ရိုးများမှ အုတ်များကို ဖြိုဖျက်ယူ၍ လမ်းခင်းခြင်း၊ မြို့ရိုးများကိုဖျက်၍ ရထားလမ်းများ ဖောက်ခြင်း၊ ရှေးဟောင်းမြို့ရိုးပေါ်တွင် ကားလမ်းတင်၍ ဖောက်ခြင်း၊ နန်းတော်ရာများပေါ်တွင် အကျဉ်းထောင်ဆောက်လုပ်ခြင်း၊ မြန်မာတို့အထွတ်အမြတ်ထားသည့်နေရာတို့တွင် သခ္ခါရိုးများ အဖြစ် ချထားပေးခြင်း၊ အောင်မြေကဲ့သို့သော နေရာတွင် ကြိုးစင် ဆောက်လုပ်ခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြသည်။

တပ်မတော်အစိုးရလက်ထက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ရည်ရွယ်ချက်များဖြင့် ရှေးခေတ်က အထင်အရှားတည်ရှိခဲ့သော နန်းတော်ရာများ အနက် အနော်ရထာမင်းတရားကြီး၏ သီရိဓေယျာဘုမိရွှေနန်းတော်(ပုဂံခေတ်)၊ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဝေသီ ရွှေနန်းတော် (ဟံသာဝတီခေတ်)၊ အလောင်းမင်းတရားကြီး၏ ရွှေဘုံရတနာမဂီလာရွှေနန်းတော် (ကုန်းဘောင်ခေတ်)၊ မင်းတုန်းမင်းတရားကြီး၏ မြနန်းစံကျော် ရွှေနန်းတော် (ရတနာပုံခေတ်) တို့ကို ရှေးဟောင်းစာပေနှင့် ရုပ်ပုံမှတ်တမ်းများ၊ ပန္နက်ရာများ၊ နန်းတော်အကြွင်းအကျန်များနှင့် တိုက်ဆိုင်ကာ မူလပုံစံနှင့် ပုံစံတူနန်းတော်များကို ၁၉၉၀ပြည့်လွန်နှစ်များအတွင်း ပြန်လည် ဆောက်လုပ်ခဲ့သည်။

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး ယဉ်ကျေးမှုအစဉ်အလာကြီးမားသည့် နိုင်ငံကြီးများဖြစ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် နှစ်ပေါင်းထောင်ချီနေသည့် ယဉ်ကျေးမှုအမွေအနှစ်များ၊ နန်းတော်ကြီးများကို အထင်အရှားတွေ့မြင်နိုင်ပြီး ကောင်းမွန်စွာ ထိန်းသိမ်းထားကြသည်ကို အတုယူဖွယ်တွေ့မြင်ရသည်။ အဆိုပါရှေးဟောင်းအမွေအနှစ်များသည် နိုင်ငံနှင့် လူမျိုးတို့၏ ဂုဏ်ယူဖွယ်ရာ သမိုင်းကြောင်းထည်ဝါမှုကို ဖော်ထုတ်ပြသသည့်နေရာများဖြစ်ပြီး ပြည်ပမှလာရောက်ကြသည့် လေ့လာသူများ၊ ခရီးသည်များကို ဆွဲဆောင်သည့်နေရာများ လည်းဖြစ်သည်။

လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ပဲခူးတိုင်းဒေသကြီး အတွင်း ဟံသာဝတီမြို့ဟောင်း၊ မြို့ရိုးနှင့် ကျုံးတို့ကို ပြန်လည်ထူးဖော်ထိန်းသိမ်းခြင်း၊ ကေတုမတီတောင်ရှမ်းမြို့ဟောင်း ဖော်ထုတ်ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ တိမ်မြုပ်ပျောက်ကွယ်နေသည့် နိုင်ငံ့သမိုင်းတစ်လျှောက်မှ ကြီးကျယ်ခမ်းနားခဲ့သည့် ပုံရိပ်မြင်ကွင်းများမှာ ပြန်လည်မှန်းဆကြည့်နိုင်အောင် ပေါ်ထွက်လာကြမည်ဖြစ်သည်။ ရှေးဟောင်းသမိုင်းဝင်အထင်ကရ အမွေအနှစ်များ ပြန်လည်ထိန်းသိမ်းမှု ပြည့်စုံလာသည်နှင့်အမျှ ဒေသ၏အထင်ကရ အထိမ်းအမှတ်နေရာတစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာ ပေါ်ထွက်လာမည်ဖြစ်ပြီး ဒေသအတွက်လည်း အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားတိုင်းသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းတွင် နိုင်ငံတော်အားကူညီရန် တာဝန်ရှိသည့်အလျောက် လူတိုင်းကိုယ်စီ နိုင်ငံတာဝန်ကျေပွန်ကြရပါမည့်အကြောင်း။ ။

မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေ

နေပြည်တော် သြဂုတ် ၃

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

၃ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၈၉၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၂၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် သြဂုတ် ၃

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ သြဂုတ် ၄ ရက်မှ ၁၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၂၄၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနလာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄ - ၈ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမ်းမြင့်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၈၀၀	၂၉၉၅	၂၉၆၀	၂၈၉၅	၃၀၀၀	၃၀၁၅	၃၀၃၅	၂၉၅၀	၄၅၈၅	၃၂၄၅	၂၉၃၀	၂၉၃၀	၃၀၄၀	၃၀၀၅	၃၀၂၅	၃၂၈၅
95 Ron	၂၉၃၅	၃၀၅၀	၃၀၁၅	၂၉၉၀	၃၀၅၅	၃၀၇၀	၃၀၉၀	၃၀၁၀	၄၅၆၀	၃၃၀၀	၃၀၂၅	၃၀၂၅	၃၀၉၅	၃၀၆၀	၃၀၈၅	၃၃၄၀
HSD (500 ppm)	၂၇၁၅	၂၈၂၅	၂၇၉၅	၂၇၂၅	၂၈၄၅	၂၈၅၀	၂၈၆၅	၂၇၈၅	-	၃၀၇၅	၂၈၀၀	၂၈၀၅	၂၈၇၀	၂၈၃၅	၂၈၆၀	၃၁၁၅
HSD (50 ppm)	၃၃၆၀	၃၄၇၅	၃၄၄၀	၃၃၇၅	၃၄၀၀	၃၄၉၅	၃၅၁၀	၃၄၃၀	၄၈၃၀	၃၇၂၅	၃၄၅၀	၃၄၅၀	၃၅၂၀	၃၄၈၅	၃၅၀၅	၃၇၆၅
HSD (10 ppm)	၃၃၆၀	၃၄၇၅	၃၄၄၀	၃၃၇၅	၃၄၀၀	၃၄၉၅	၃၅၁၀	၃၄၃၀	-	၃၇၂၅	၃၄၅၀	၃၄၅၀	၃၅၂၀	၃၄၈၅	၃၅၀၅	၃၇၆၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၁၅	၂၈၀၃
95 Ron	၂၇၆၉	၂၈၅၈
HSD (500 ppm)	၂၅၅၂	၂၆၃၃
HSD (50 ppm)	၃၁၇၉	၃၂၇၂
HSD (10 ppm)	၃၁၇၉	၃၂၇၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀۹۷- ၄၁၁၃၇၃၊ ၀۹-၂၅၄۹۷۵၂۷۷
၀۹۷- ၄၁၁၂၈၂ ၀۹-۷۷۲۵۵۲۷۵

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- ဟန်လင်းအောင်	သတင်းထောက်မှူး	- ခင်ရတနာ
စာတည်းမှူး	- မြင့်စိုး	အကြီးတန်း	- ကျော်သူဝင်း၊ တင်မောင်လွင်၊
စာတည်းများ	- ကျော်ဓေယျာမြင့်၊ နေဇာဇာထွန်း	သတင်းထောက်များ	ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဘာသာပြန်စာတည်း	- ခြူးစန္ဒီနွေး၊ တင်လင်းအောင်	အယ်ဒီတန်း	- ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သုတေသန	- အိအိခင်နှင့် အဖွဲ့	သတင်းထောက်များ	
စာပြင်	- ဇော်မင်းသန်းနှင့် အဖွဲ့	ဓာတ်ပုံသတင်းထောက်	- တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- မိုမိုအေးနှင့် ခွန်မွန်တိုအဖွဲ့	အီးမေးနှင့် အွန်လိုင်း	- သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး- ၀۹۷-၃۹۷۵၂၊ စာတည်းအဖွဲ့- ၀۹۷-၃۹۷۵၂၊ ဖက်စ် ၀۹۷-၃۹۷۵၂၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့- ၀၁-၅၄၄၃၁၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၁၊ စီအီ ၀၁-၅၄၄၃၁၁၊ ဌေဒရင်း ၀၁-၅၄၄၃၁၆၊ ကြေငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၃၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀۹۷-၃۹۷۵၂၀၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၀၊ Fax ၀၁-၈۹۷۵၂۹۵။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE
www.mdn.gov.mm

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဟံသာဝတီမြို့ရိုးရှိ သိန္နီတံခါးနေရာအား ကြည့်ရှုစစ်ဆေးစဉ်။

❖ ရှေးယခင်ကတည်းကရှိပြီးဖြစ်သည့် ရှေးဟောင်းကျုံးနေရာများအား ပြန်လည်တူးဖော်ထိန်းသိမ်းသွား၊ သိန္နီတံခါးရှိ တံတားကိုလည်း ခေတ်မီနည်းပညာများ အသုံးပြု၍ ရှေးမူလက်ရာများအတိုင်း ပြန်လည်ပြုပြင် တည်ဆောက်သွားရန်လို၊ ကျုံးဘေးဝန်းကျင်၌ ပြည်သူများ အေးချမ်းစွာဖြင့် အနားယူအပန်းဖြေရန်နေရာများ၊ ကိုယ်လက်ကြံ့ခိုင်ရေး ဆောင်ရွက်နိုင်သည့်နေရာများကို ဆောင်ရွက်ပေးသွားရန်လိုသကဲ့သို့ ကျုံးဘေးဌ် မျက်စိပသာဒဖြစ်စေရေး ဆောင်ရွက်ပေး

❑ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအတွင်း ခင်းကျင်းပြသထားရှိသည့် ရှေးဟောင်းကျွန်းလုံးတိုင်ကြီးများ၊ ရှေးဘုရင်များအသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ ပြသထားရှိမှု၊ သမိုင်းကြောင်းအထောက်အထားများသည် ငွေကြေးဖြင့် တန်ဖိုးဖြတ်၍ မရနိုင်သည့် အဖိုးတန်အမွေအနှစ်များပင်ဖြစ်

❑ ထို့ကြောင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသေးစိတ်စနစ်တကျဖြင့် တန်ဖိုးထားလက်ဆင့်ကမ်းထိန်းသိမ်းသွားကြရမည်

❑ ဓာတ်ပုံများ၊ ပန်းချီများကိုလည်း ခေတ်မီနည်းပညာများအသုံးပြု၍ ကြည်လင်ပြတ်သားမှုနှင့် ဓာတ်ပုံအရည်အသွေးကောင်းမွန်မှုရှိအောင် ဆောင်ရွက်

*ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဗဒီး၊ အဖွဲ့ဝင်များသည် ကမ္ဘောဇသာဒီရွှေနန်းတော်သို့ ရောက်ရှိကြပြီး ရွှေနန်းတော်အတွင်း ယခင်မြေနန်းပြာသာဒ်ဆောင်နေရာမှ တူးဖော်ရရှိသည့် ကျွန်းတိုင်လုံးကြီးများ ပြသထားရှိမှု၊ ရှေးခေတ်မြန်မာမင်းတို့၏ ကန်တော့ခံအခမ်းအနားပုံစံအား ရေးဆွဲပြသထားရှိမှု၊ အနော်ရထာမင်းတရားကြီး၏ သီရိဇေယျဘုရိမ ရွှေနန်းတော် (ပုဂံခေတ်)၊ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီရွှေနန်းတော်(ဟံသာဝတီခေတ်)၊ အလောင်းမင်းတရားကြီး၏ ရွှေဘုံရတနာမဂ်လာ ရွှေနန်းတော် (ကုန်းဘောင်ခေတ်)၊ မင်းတုန်းမင်းတရားကြီး၏ မြနန်းစံကျော်ရွှေနန်းတော်(ရတနာဘုံခေတ်) စသည့် နန်းတော်ကြီးများအား နဂိုမူလပုံစံအတိုင်း တည်ဆောက်ပြုပြင်ထိန်းသိမ်းထားရှိမှု မှတ်တမ်းဓာတ်ပုံများ၊ ကမ္ဘောဇသာဒီ ရွှေနန်းတော်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရှေးဘုရင်များ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ ပြသထားရှိမှု၊ မြေနန်းပြာသာဒ်တော်ကြီးထိန်းသိမ်းထားရှိမှု၊ ကမ္ဘောဇသာဒီ ရွှေနန်းတော်အား ပြန်လည်ဖော်ထုတ်ခြင်းမှတ်တမ်း ဓာတ်ပုံများပြသထားရှိမှု စသည့်ပြခန်းအသီးသီးအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အမြေမြတ်ထိန်းသိမ်း

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအတွင်း ခင်းကျင်းပြသထားရှိသည့် ရှေးဟောင်းကျွန်းလုံးတိုင်ကြီးများ၊ ရှေးဘုရင်များအသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ ပြသထားရှိမှု၊ သမိုင်းကြောင်းအထောက်အထားများသည် ငွေကြေးဖြင့်တန်ဖိုးဖြတ်၍ မရနိုင်သည့် အဖိုးတန်အမွေအနှစ်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသေးစိတ်စနစ်တကျဖြင့် တန်ဖိုးထားလက်ဆင့်ကမ်းထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း၊ ဓာတ်ပုံများ၊ ပန်းချီများကိုလည်း ခေတ်မီနည်းပညာများအသုံးပြု၍ ကြည်လင်ပြတ်သားမှုနှင့် ဓာတ်ပုံအရည်အသွေး ကောင်းမွန်မှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးမြန်မာမင်းတို့ လက်ထက် မြန်မာနိုင်ငံတော်၏ အမျိုးဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ အနုသုခုမ ပညာရပ်များ၊ ဘုရင့်နန်းတော်ကြီးများ၏ ကြီးကျယ်ခမ်းနားစွာဖြင့် တည်ဆောက်ထားရှိမှုများနှင့် ဩဇာတိက္ကမ ကြီးမားကျယ်ပြန့်ခဲ့မှုများကို ပုံပေါ်အောင် ခင်းကျင်းပြသထိန်းသိမ်းသွားရန်လိုကြောင်း၊ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအတွင်း သန့်ရှင်းသာယာလှပစေရေး အမြေမြတ်ထိန်းသိမ်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အလားတူ ဟံသာဝတီမြို့တော်ဟောင်းနေရာအား ပြန်လည်ဖော်ထုတ် ထိန်းသိမ်းနိုင်ရေးလုပ်ငန်းများကိုလည်း ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဟံသာဝတီမြို့ဟောင်း၊ ကမ္ဘောဇသာဒီနန်းတော်၏ ကျုံးကိုလည်း တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်မင်းတရားကြီး စီးနင်းအသုံးပြုခဲ့သည့် မြင်း ၁၆ ကောင်ကသော ရထားတော်ကြီး မူလအရွယ် အစားပုံစံတူပြဆောင်အား ရှေးမူမယျက် ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဟံသာဝတီမြို့ရိုးရှိ သိန္နီတံခါးနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပဲခူးမြို့ ဟံသာဝတီမြို့ဟောင်း၊ ကျုံး၊ မြို့ရိုးနှင့် မြို့တံခါးများဆိုင်ရာ အချက်အလက်များနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို မိမိတို့အနေဖြင့် ရှေးမူမယျက်စေဘဲ ပြန်လည်ထိန်းသိမ်း ဆောင်ရွက်ထားရှိခြင်းသည် အနာဂတ်လူငယ်များ အနေဖြင့် မျိုးချစ်စိတ်ဓာတ်များ ပိုမိုထွန်းကားလာအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ရှေးဟောင်းသမိုင်းဝင် အထင်ကရအမွေအနှစ်များ ဖြစ်သည့်အတွက် စနစ်တကျဖြင့် ပုံစံတကျဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဟံသာဝတီမြို့ဟောင်း မြို့ရိုးတစ်လျှောက်တွင် ရှေးယခင်ကတည်းကရှိပြီးဖြစ်သည့် ရှေးဟောင်းကျုံးနေရာများအား ပြန်လည်တူးဖော်ထိန်းသိမ်းသွားရန်လိုကြောင်း၊ သိန္နီတံခါးရှိ တံတားကိုလည်း ခေတ်မီနည်းပညာများအသုံးပြု၍ ရှေးမူလက်ရာများအတိုင်း ပြန်လည်ပြုပြင် တည်ဆောက်သွားရန်လိုကြောင်း၊ ကျုံးဘေးဝန်းကျင်၌ ပြည်သူများ အေးချမ်းစွာဖြင့် အနားယူအပန်းဖြေရန်နေရာများ၊ ကိုယ်လက်ကြံ့ခိုင်ရေး ဆောင်ရွက်နိုင်သည့်နေရာများကို ဆောင်ရွက်ပေးသွားရန်လိုသကဲ့သို့ ကျုံးဘေးဌ် မျက်စိပသာဒဖြစ်စေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဟံသာဝတီမြို့ရိုး၊ ကျုံးဘေးတစ်လျှောက်နှင့် ပဲခူးမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပဲခူးမြို့အတွင်းဖြတ်သန်းစီးဆင်းသွားသည့် ပဲခူးမြစ်အား ကျောက်စီနံရံများပြုလုပ်၍ ရေစီးဆင်းမှုများ ကောင်းမွန်စေရေး စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့သည်။

စည်ကားလျက်ရှိ

မြန်မာသက္ကရာဇ် ၉၁၅ (အေဒီ ၁၅၅၃)ခုနှစ်တွင် ဘုရင့်နောင်မင်းတရားကြီးသည် ဟံသာဝတီဒေသ၌ အကျယ်အဝန်း ၃၄၀၀ စတုရန်းမီတာရှိကာ မြို့ရိုးပတ်လည် တစ်ဖက်တစ်ချက်စီတွင်မြို့တံခါးငါးပေါက် ပါရှိပြီး စုစုပေါင်း မြို့တံခါး ၂၀ ဖြင့် တည်ဆောက်ထားသည့် ကြီးကျယ်ခမ်းနားသည့် နန်းတော်သစ်တစ်ခုကို တည်ဆောက်ခဲ့ပြီး "ကမ္ဘောဇသာဒီ" ဟု ခေါ်တွင်စေခဲ့ကြောင်း၊ မြန်မာသက္ကရာဇ် ၉၄၃ ခုနှစ်(အေဒီ ၁၅၈၁) ခုနှစ်၊ သက်တော် ၆၆ နှစ်တွင် ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံခဲ့ပြီး သားတော်ခန္ဓဘုရင်လက်ထက်တွင် ဟံသာဝတီမြို့ ပျက်စီးခဲ့ရကာ "ကမ္ဘောဇသာဒီ" နန်းတော်ကြီးမှာလည်း မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း၊ ထို့နောက် နှစ်ပေါင်း ၄၀၀ ကျော်ခန့် အပျက်အစီးများ အောက်တွင် တိမ်မြုပ်ပျောက်ကွယ်ခဲ့ရသည့် "ကမ္ဘောဇသာဒီ" နန်းတော်ကြီးကို ရှေးဟောင်းသုတေသနဦးစီးဌာနက ၁၉၉၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှ ၁၉၉၇ ခုနှစ်အထိ သုတေသနပြုတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မြေနန်းပြာသာဒ်ဆောင်နေရာအား ၁၉၉၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် စတင်သုတေသနပြုတူးဖော်ခဲ့ရာ မြေနန်းပြာသာဒ်ဆောင်၊ စနေဆောင်၊ လက်ဝဲဝင်းဆောင်နှင့် လက်ယာဝင်းဆောင်တို့၏ အုတ်ခုံပန္နက်များကို တွေ့ရှိခဲ့ကြောင်း၊ အဆိုပါ နေရာများမှ ကျွန်းတိုင်လုံး အကြွင်းအကျန်များကို တွေ့ရှိခဲ့ရပြီး အချို့ကျွန်းတိုင်များတွင် ပေးပို့ဆက်သသူများ၏ အမည်များကို ရေးထိုးထားသည်ကို တွေ့ရှိရကြောင်း၊ ဘုရင့်နောင်မင်းတရားကြီး၏ မြေနန်းပြာသာဒ်ဆောင်၊ လက်ဝဲဝင်းဆောင်၊ လက်ယာဝင်းဆောင်နှင့် စနေဆောင်တို့ကို ပုံစံတူပြန်လည်တည်ဆောက်ရေးအတွက် တူးဖော်တွေ့ရှိရသည့် ပန္နက်ပုံ၊ မှတ်တမ်းအထောက်အထားများနှင့်ညှိနှိုင်း၍ ပုံစံတူ ပြန်လည်တည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် ပြည်တွင်း၊ ပြည်ပမှ လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညို ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်

- စေတီတော်မြတ်ကြီးနှင့် ပရိဝုဏ်တော်အတွင်းရှိ သာသနိက အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသပ်ရပ်ပြီး ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်
- ဘုရားဖူးလာ မိဘပြည်သူများ နေပူဒဏ်သက်သာစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက စေတီတော်ရင်ပြင်တော်အပြည့် စကျင်ကျောက်ပြားခင်းကျင်း ကပ်လျှုလျှုဒါန်းပေးသွားမည်

နေပြည်တော် သြဂုတ် ၃

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် ဇနီး ဒေါ်ကြူကြူလှ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ တွဲဖက်အမှူဆောင် ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီး ဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ ရောက်ရှိဖူးမြော်ကြပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။

ယင်းနောက် စေတီတော်မြတ်ကြီး အထက်ပစ္စယ်ရှိ ဆုတောင်းပြည့်ဘီလူးရန်နိုင် ဘုရားအား ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်းကပ်လှူပူဇော်သည်။

ထို့နောက် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး တာဝန်ရှိသူများကို စေတီတော်မြတ်ကြီးနှင့် ပရိဝုဏ်တော်အတွင်းရှိ သာသနိက အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသပ်ရပ်ပြီး ကြည်ညိုသပ္ပာယ်ဖွယ် ဖြစ်စေရေး စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ ဘုရားဖူးလာ မိဘပြည်သူများ နေပူဒဏ်သက်သာစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက စေတီတော်ရင်ပြင်တော်အပြည့် စကျင်ကျောက်ပြားခင်းကျင်း ကပ်လှူလှုဒါန်းပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ရေဝင်ရေထွက်နေရာများ စနစ်တကျပါရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများအား အမြန်ဆုံးပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားခဲ့ပြီး ဘုရားဖူးလာ မိဘပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ရွှေမော်ဓောစေတီတော် သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းလက်ရာ ဗုဒ္ဓရုပ်ပွားတော်များ၊ လက်ဝတ်ရတနာများ၊ အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုပြီး စနစ်တကျ ထိန်းသိမ်းကြရန်နှင့်အခြားလိုအပ်သည်များကို မှာကြားသည်။ *စာမျက်နှာ ၅ သို့*

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

စာမျက်နှာ ၄ မှ

ယင်းနောက် စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးအတွင်း၌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စေတီတော်မြတ်ကြီး ဇည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး

ဆက်လက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် "ရှင်ပင်သာလျောင်း" ခေါ် "ရွှေသာလျောင်း" ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ယင်းနောက် ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပပြီး လာရောက်ဖူးမြော်သူများ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများကို အမြဲမပြတ် ဆောင်ရွက်ရန်လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ဘုရားဖူးလာ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဇည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူ၍ ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရွှေမော်ဓောစေတီတော် သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းလက်ရာဗုဒ္ဓရုပ်ပွားတော်များ၊ လက်ဝတ်ရတနာများ၊ အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုစဉ်။

ဆက်လက်၍ အာရုံခံတန်ဆောင်းအတွင်းရှိ သာသနာရေးဆိုင်ရာ ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်း အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးသည်။

ဆုတောင်းပြည့် စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီး

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့မဇင်ရပ်ကွက်ရှိ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူခဲ့သော ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး ကိုယ်တော်တိုင် တည်ထားကိုးကွယ်ခဲ့သည့် ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ သစ်သီးဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက စေတီတော်မြတ်ကြီး ဇည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူ၍ ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့်ပြုပြင်မွမ်းမံ ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ယနေ့သည် အများပြည်သူရုံး ဝိတ်ရက်ဖြစ်သည်နှင့်အညီ ပဲခူးမြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ဖြင့် စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပေးအပ်လှူဒါန်း

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းစဉ်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အကြမ်းဖက်မှုပယျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ၀နေထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

ဆင်သေဆည်ရေသောက်စနစ်အတွင်း ယခုနှစ် မိုးစပါး ၈၄၈၆ ဧကနှင့် မိုးသီးနှံ ၃၁၂၃ ဧက စိုက်ပျိုးရန်လျာထား

နေပြည်တော် သြဂုတ် ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် ယနေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေဆည်ရေသောက်စနစ်အတွင်း ယခုနှစ် လျာထားမိုးစပါး ၈၄၈၆ ဧကနှင့် မိုးသီးနှံ ၃၁၂၃ ဧက အပြည့်အဝစိုက်ပျိုးနိုင်ရန် ရေသောက်စနစ်အတွင်း စိုက်ပျိုးရေ အဆင်ပြေချောမွေ့စွာပေးဝေနိုင်ရေး စီမံဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ယာယီရေသွယ်မြောင်းများအတွင်း ဝင်ရောက်လျက်ရှိသည့် သဲနုန်းများရှင်းလင်းဖယ်ရှားနေမှုနှင့် နုန်းဖမ်းတာတည်ဆောက်ရန် ဆောင်ရွက်နေမှု ၊ မိုးစပါး နွေစပါး စိုက်ပျိုးခြင်းအတွက် ဆက်လက်ရေပေးဝေနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သဲနုန်းတူးဖော်ခြင်း၊ ယာယီနုန်းထိန်းကန် တည်ဆောက်ခြင်း၊ လိုအပ်သော တူးမြောင်းအဆောက်အအုံ လုပ်ငန်းများကို သတ်မှတ်ကာလ အချိန်မီပြီးစီးရေး၊ ရေလွှဲဆည်အသစ်တည်ဆောက်ရာတွင် ရေရှည်တည်တံ့စွာ အသုံးပြုနိုင်သည့် ဒီဇိုင်းပုံစံနှင့် တည်ဆောက်မှုလုပ်ငန်းဖြစ်စေရေး ဆွေးနွေးမှာကြားပြီး ဆင်သေရေလွှဲဆည် အသစ်တည်ဆောက်ရန် လျာထားရွေးချယ်ထားသောနေရာကို ကြည့်ရှုစစ်ဆေးကာ လေ့လာဆန်းစစ်ချက်များ ပြီးစီးပြီဖြစ်၍ အသစ်ရေးဆွဲသော ဒီဇိုင်းအား သြဂုတ်လအတွင်း ပြီးမြောက်အောင်ရေးဆွဲ၍ အတည်ပြုချက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

မန္တလေးငလျင်ကြီး လူပ်ခတ်မှုကြောင့် ဆင်သေရေလွှဲဆည်၏ ပင်မတမံ (Head Work) တစ်ခုလုံး ထိခိုက်ပျက်စီးခဲ့သဖြင့် ရေသောက်စနစ်အတွင်းရှိ မိုးစပါး နွေစပါးစိုက်ပျိုးခြင်းအတွက် ရေပေးဝေရာ၌ စနစ်တကျရေစီမံခန့်ခွဲမှုပြုလုပ်နိုင်ရန် ဆင်သေရေလွှဲဆည်အသစ်တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိရာ ဆင်သေရေလွှဲဆည်အသစ် မတည်ဆောက်မီနှင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်းရေသောက်စနစ်အတွင်း ယာယီအစီအစဉ်ဖြင့် စိုက်ပျိုးရေပေးဝေရမည်ဖြစ်၍ ရေလွှဲဆည်၏ Under Sluice အပိုင်း၊ ရေခေါ်မြောင်းများအပိုင်းနှင့် ရေသောက်စနစ်အပိုင်းများကို လိုအပ်သည့် နေရာ

များ၌ ပြုပြင်ခြင်း၊ Structure များ တည်ဆောက်ခြင်း၊ သဲနုန်းတူးဖော်ခြင်းနှင့် ရေသွားလမ်းရှင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ကျောက်ဆည်ရွာအနီးရှိ ကင်းသာရေထိန်းတမံသို့သွားရောက်၍ တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် တမံကြီခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒေးဒရဲမြို့၌ စက္ခုဒါနဆေးခန်း (၁၀) နှစ်ပြည့် ဖွင့်လှစ်မှုအထိမ်းအမှတ် အခမ်းအနားကျင်းပ

ဒေးဒရဲ သြဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ မျက်စိဝေဒနာနှင့် ပတ်သက်သောရောဂါများ စမ်းသပ်ခြင်း၊ ခွဲစိတ်ကုသခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် ဒေးဒရဲမြို့ စက္ခုဒါနဆေးခန်းဖွင့်လှစ်မှု (၁၀) နှစ်ပြည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ် သာသနာ့ဗိမာန်ပရိဝုဏ်ရှိ စက္ခုဒါနဆေးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် စက္ခုဒါနဆေးခန်း ဦးဆောင်ဆရာတော် သဒ္ဓမ္မဇောတိကဓေ ဘဒ္ဒန္တ ပညာ

စာရက ဩဝါဒကထာ မိန့်ကြားခဲ့ပြီး စက္ခုဒါနဆေးခန်းကော်မတီ ဥက္ကဋ္ဌဦးတင်ဝင်းက တည်ဆောက်လည်ပတ်နေမှု၊ မျက်စိဝေဒနာရှင်များ ကုသဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းဆွေးနွေးကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းမောင်က စက္ခုဒါနဆေးခန်း ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးသွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မျက်စိစမ်းသပ်စက်နှင့် လစဉ်အလှျှရှင်များအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒေးဒရဲမြို့နယ် စက္ခုဒါနဆေးခန်းအား ၂၀၁၅ ခုနှစ်မှ စတင်ဖွင့်လှစ်၍ စမ်းသပ်ကုသမှုလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဒေးဒရဲမြို့နယ်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့နယ်၊ ကျေးရွာများမှ ရဟန်း၊ သံဃာ၊ သီလရှင်နှင့် နွမ်းပါးဝေဒနာရှင်များအား (အခမဲ့)၊ အခြားမျက်စိ လူနာရှင်များအား စရိတ်မယူပေးစနစ်ဖြင့် မျက်စိဝေဒနာရှင် ၁၂၃၀၆ ဦး စမ်းသပ်ကုသပေးခဲ့ပြီး ၂၈၈၃ ဦးအား ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

အေဇာလင်း

❖ *ကျောဖုံးမှ*

ဌာနဆိုင်ရာဝန်ထမ်းများက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများ တူးဖော်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး အား သြဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ အဖျားရောဂါနှင့်အထွေထွေရောဂါများဖြင့် ဒေသခံတိုင်းရင်းသားပြည်သူ အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၆၆ ဦး စုစုပေါင်း ၁၀၈ ဦးတို့အား တပ်မတော်သားဆရာဝန်များနှင့် ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၃

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန (၄)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp) ရှိ (Gold Medal Hall)၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နေဝ်တောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်နှင့် ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏ သားသမီးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနများအနက် တိုင်းတစ်ပါးမြေတွင် အမြန်မာနိုင်ငံ၏အလံကို အခြားနိုင်ငံ အလံများ၏အထက်ထိ လွှင့်ထူနိုင်အောင် ဆောင်ရွက်နိုင်သည့် ဝန်ကြီးဌာနသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဖြစ်၍ ဂုဏ်ယူတတ်ကြရန် လိုကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံတော်၏ အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး၊ အရှေ့တောင်အာရှ အာရှနှင့် ကမ္ဘာ့နိုင်ငံများအကြား အဆင့်မြင့်မြင့် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိရေးတို့ကို တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် လွှမ်းခြုံအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာန လုပ်ငန်းတာဝန်များ ကြီးမား ကျယ်ပြန့်သည်နှင့်အညီ မကြာမီ ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အမိနိုင်ငံ ၏ဂုဏ်ကို မြှင့်တင်ပေးနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက်ပိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြရန်နှင့် နိုင်ငံ့သားကောင်း ဝိသဿာဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာပြီး မိသားစု စိတ်ဓာတ်ဖြင့် စည်းလုံးပျော်ရွှင်စွာ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်လျက်ရှိသည့် ဝန်ထမ်းသား/သမီးများ အတွက်ပညာသင်ထောက်ပံ့ကြေးများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသူများ၊ ပြည်တွင်း/ ပြည်ပ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိခဲ့သည့် ဝန်ထမ်းများ၊ အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်အားကစားပြိုင်ပွဲများတွင် အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိခဲ့ကြသူများကို ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ပညာသင် ထောက်ပံ့ကြေးများ၊ ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအား အမှတ်တရလက်ဆောင်များ ကံစမ်းမဲဖောက်ပေးသည်။

ညနေပိုင်းတွင် ပျော်ပွဲရွှင်ပွဲအစီအစဉ်အဖြစ် မြဝတီတေးဂီတ အဖွဲ့မှ သီဆိုဖျော်ဖြေပြီး ဝန်ထမ်းများ၏ သီချင်းဆိုပြိုင်ပွဲနှင့် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲများကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ-တရုတ် နှစ်နိုင်ငံရဲတပ်ဖွဲ့ မူဆယ်ဒေသအတွင်း တတိယအကြိမ် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းနှင့် မူဆယ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်ကာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူများအား ဖော်ထုတ်ဖမ်းဆီးခဲ့သည့် တရုတ်နိုင်ငံသား ၂၅၆ ဦးအား ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန မှူခင်းရဲတပ်ဖွဲ့ နိုင်ငံရေးမှူး Mr. Jiang Guoli ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်တိုင်း မန်စီမြို့ရှိ YESTE ဟိုတယ်အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၆ ရက်တွင်တွေ့ဆုံကာ မူဆယ်ဒေသအတွင်း တတိယအကြိမ် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် မူဆယ်ဒေသအတွင်း အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအား မြန်မာ- တရုတ် နှစ်နိုင်ငံပူးပေါင်း၍ ၂၀၂၄ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ကရင်ပြည်နယ် မြဝတီဒေသတွင်လည်း တရုတ်နိုင်ငံနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ နိုင်ငံခြားသား ၉၂၉၉ ဦးအား ဖော်ထုတ်စစ်ဆေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍ တရားမဝင်အွန်လိုင်းလိမ်လည်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး သတင်းဖလှယ်ခြင်း၊ ဖမ်းဆီးရမိတရားခံများအား ပြန်လည်လွှဲပြောင်းလက်ခံခြင်းနှင့် ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံရဲတပ်ဖွဲ့များ၊ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူဆယ်ဒေသအတွင်း တတိယအကြိမ် အွန်လိုင်းလိမ်လည်မှု စစ်ဆေးဖော်ထုတ်ရေးအား ဇူလိုင် ၂၈ ရက်မှ ၃၀ ရက်အထိ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်၍ အွန်လိုင်းလိမ်လည်မှု ကျူးလွန်သူ တရုတ်နိုင်ငံသား ၂၅၆ ဦးတို့အား အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၅ လုံး၊ ကွန်ပျူတာအလုံး ၃၀၊ Laptop ခုနစ်လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၃၁၁ လုံး၊ Wifi စက် ၁၄ လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါဖမ်းဆီးရမိခဲ့သူများအား မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆွေးနွေးပွဲသဘောတူညီချက်များအရ ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ် ဝင်/ထွက်ပေါက် မန်ဝိန်းဂိတ်၌ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

တောင်သူစိုက်ပျိုးနည်းပညာပေးသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်

မင်းဘူး ဩဂုတ် ၃

မင်းဘူးခရိုင်၌ ဒေသတွင်း စိုက်ပျိုးရေကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံစိုက်မွမ်းအား တိုးတက် မြင့်မားရေးအတွက် တောင်သူ စိုက်ပျိုးနည်းပညာပေးသင်တန်းများကို ဥယျာဉ်ဇင်ကျေးရွာ သိမ်ကုန်းရှေ့တန်းစခန်း ဝင်းအတွင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ယနေ့အထိ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိသည်။

အဆိုပါသင်တန်းတွင် မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စက္က)၊ ပွင့်ဖြူ စလင်း၊ စေတုတ္တရာနှင့် ငဖမြို့နယ်များမှ တောင်သူများနှင့် သရက်ခရိုင် မင်းလှမြို့နယ်မှ တောင်သူများက လစဉ်ဖွင့်လှစ်သည့် သင်တန်းအမျိုးအစားများ အလိုက် တက်ရောက်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

မောင်မောင်(မင်းဘူး)

ဥပဒေဘောင် အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

မွန်ပြည်နယ်အတွင်း လေဘေးသင့်ပြည်သူများနှင့် ယာယီနေရပ်စွန့်ခွာသူများအား အလျှင်ငွေနှင့် ပစ္စည်းများပေးအပ်

မော်လမြိုင် သြဂုတ် ၃

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပြည်နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပေါင်မြို့နယ် ကဒုံစီးတိုက်ကျောင်း ပညာဓိကဗိမာန်၌ ကျင်းပသည့် ပေါင်မြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအား အလျှင်ငွေပေးအပ်ခြင်းနှင့် ပစ္စည်းများထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည်ကျိုက်ထီးဆောင်း ဆံတော်ရှင်ဘုရားကြီးကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တနာဂဒီပနှင့် ဆရာတော်ကြီးများအား ဖူးမြော်၍ လှုဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပေါင်မြို့နယ် လေဘေးသင့်ပြည်သူများအတွက် ကျိုက်ထီးဆောင်း ဆရာတော်ကြီး လှူဒါန်းသော လှူဒါန်းပစ္စည်း တန်ဖိုးငွေကျပ် ၉၅၉၃၄၀၀၀ နှင့် သိန်း ၃၀၀ စုစုပေါင်းလှူဒါန်းငွေကျပ် ၁၂၅၃၄၀၀၀ ကို ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ ဦးလှထွန်း(ကိုလှထွန်း ရေတပ်သီးမှုနှုန်းလုပ်ငန်းမိသားစု)က လှူဒါန်းငွေကျပ်သိန်း ၅၀၀ နှင့် ဦးတင်လှိုင်(ကျော်ကြားအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမိသားစု)က လှူဒါန်းငွေကျပ် ၂၄၆ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း လက်ခံရယူသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ပေါင်မြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လှူဒါန်းပစ္စည်းများနှင့် လုံးဝပျက်စီးနေအိမ်ပေါ်၂၅ လုံးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၆၂ ဒသမ ၅ သန်းနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၁၆၀ အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၄၈ သန်းကို ပေးအပ်ကြပြီး လေဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပေါင်မြို့ပေါ်ရပ်ကွက်များအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သာသနိကအဆောက်အအုံအချို့နှင့် လူနေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့မှုများကို လှည့်လည်ကြည့်ရှုပြီး(**အပေါ်ဝဲ**)ပြုပြင်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ခန်းမ၌ကျင်းပသည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် မွန်ပြည်နယ်အတွင်းရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စု ၄၃၀၂ စု၊ လူဦးရေ ၁၉၈၂ ဦးအတွက် တစ်ဦးလျှင် တစ်လနှစ်သောင်းကျပ်နှုန်းဖြင့် သုံးလစာ ထောက်ပံ့ငွေကျပ် ၁၁၈၉ ဒသမ ၂၆၀ သန်းကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံး သိုလှောင်ရုံရှိ ကယ်ဆယ်ရေးပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများ၊ အလျှပစ္စည်းများ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စည်သူ(ပြန်/ဆက်)

ဘားအံမြို့၌ (၄၆)ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ဘားအံ သြဂုတ် ၃

ကရင်တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဖြစ်သော ချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင်.စူး) ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကရင်ပြည်နယ် နေရာအနှံ့အပြားနှင့် ကရင်လူမျိုးများ ပျံ့နှံ့နေထိုင်ရာ ဒေသအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပလေ့ရှိရာ ယနေ့ နံနက် ၉ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ (၄၆)ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ဦးစွာ သဘာပတိနှင့် အဖွဲ့ဝင်များက စင်မြင့်ထက်တွင်နေရာယူကြပြီး သဘာပတိက ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာဆိုင်ရာများကို ရှင်းလင်းပြောကြား၍ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဘိုးဘွားများ ရှေးနှစ်ပေါင်း များစွာကတည်းက ထားရှိခဲ့သည့် ကောင်းမြတ်သော ရိုးရာအမွေအနှစ် တစ်ခုကို မပျောက်ပျက်အောင် ကရင်လူငယ်များအားလုံးက ကြိုးမာသည့် တာဝန်တစ်ရပ်အနေဖြင့် ခံယူ၍ မြတ်မြတ်နိုးနိုးဖြင့် အဆင့်ဆင့် လက်ဆင့်ကမ်းထိန်းသိမ်း ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ ဖြစ်ပေါ်လာပုံကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖတ်ကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်သိန်း ၂၀၀ ကို ပွဲတော်ကျင်းပရေးကော်မတီထံ ချီးမြှင့်ပေးအပ်ကာ ပွဲတော်ကျင်းပရေးကော်မတီမှ (၄၆)ကြိမ်မြောက် ကရင်ရိုးရာ ချည်ဖြူဖွဲ့ပွဲတော်ဖြစ်မြောက်ရေး အတွက် အလျှင်ငွေထည့်ဝင်သူများ အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် ပွဲတော်ကို ဦးဆောင်ကျင်းပမည့်အကြီးအမှူးနှင့် အရန်ပုဂ္ဂိုလ်လန့်ဝိဠီ၊ ချည်ဖြူဖွဲ့ပေးမည့် အဘိုးနှင့်အဘွားများက မြေးငယ်များခြံရံလျက် သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး ပွဲတော်အကြီးအမှူးက ရိုးရာအစဉ်အလာများနှင့် အညီ အစီအစဉ်အတိုင်း ဆောင်ရွက်သည်။

ဆက်လက်၍ ရိုးရာသီချင်းဖြင့် ဂုဏ်ပြုကြိုဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နာယက၊ ပြည်နယ်ဝတာရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်သန်ကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကရင်တိုင်းရင်းသား ရဝမ်ရပ်ဖများ၊ တိုင်းရင်းသားပြည်သူများက အဘိုး၊ အဘွားများထံတွင် ချည်ဖြူဖွဲ့မင်္ဂလာ ခံယူကြသည်။

ချည်ဖြူဖွဲ့.ရာတွင် ၄က်ပျောသီး၊ ကောက်ညှင်းထုပ်၊ ထမင်းဆုပ်၊ နတ်ပန်းညှိ၊ ချည်ဖြူ၊ သန့်စင်သောရေ၊ ကြိုပိုင်း စသည့် ပစ္စည်း ခုနစ်မျိုးပါဝင်ပြီး တစ်ခုချင်းစီ၏ ဂုဏ်သတ္တိများအလိုက် ကရင်တိုင်းရင်းသားတို့အား စုပေါင်းညီညွတ်စွာ နေထိုင်စေလိုသည့် အဓိပ္ပာယ်များ ပါဝင်ကြောင်း၊ မွန်မြတ်သန့်စင်၍ ချစ်စရာကောင်းသည့် ယဉ်ကျေးမှုလေ့ထုံးတမ်း အစဉ်အလာကောင်းများကို ကရင်တိုင်းရင်းသားများ ထိန်းသိမ်းသည့် ပွဲတော်တစ်ရပ် ဖြစ်ကြောင်းနှင့် ကရင်ပြည်နယ်အတွင်းနှင့် ကရင်လူမျိုးများပျံ့နှံ့နေထိုင်ရာနေရာ ဒေသအသီးသီးတို့တွင် ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာ အခမ်းအနားများကို ဝါခေါင်လတစ်လလုံး နေရာဒေသ အနှံ့အပြားတွင် ကျင်းပလေ့ရှိကြကြောင်း သိရသည်။

စောမျိုးမင်းသိမ်း(ပြန်/ဆက်)

စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ သံလွင်မြစ် မြစ်ရေအခြေအနေ

နေပြည်တော် သြဂုတ် ၃

ယနေ့ နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၀၊်းပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲကျော် ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း တစ်ပေခွဲခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု

သံဖြူဇရပ် သြဂုတ် ၃

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပင်စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများကို ပြည်နယ်သမဝါယမမဠိုးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ယနေ့ကွင်းဆင်းကြည့်ရှုရာ ညွှန်ကြားရေးမှူးက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စနစ်တကျဆောင်ရွက်ရန်နှင့် မြေသြဇာများ အချိန်ကိုက်အချိုးကျ ထည့်သွင်းနိုင်ရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး ဂရုစိုက်ဆောင်ရွက်သွားရန်မှာကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကယားပြည်နယ်ဝန်ကြီးချုပ် ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်များပေးအပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် သြဂုတ် ၃

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့နယ် ပိန်းချစ်ကျေးရွာအုပ်စု ထီရိုကျေးရွာ ဂ္ဂဆ္ဆာသယဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆွမ်းဆန်တော်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် လွိုင်လင်လေးမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အုပ်ချုပ်မှုကိစ္စရပ်များ စနစ်တကျရှိစေရေး၊ ဌာနဆိုင်ရာ ပင်မလုပ်ငန်းတာဝန်များ အောင်မြင်အောင်ဆောင်ရွက်ရေးမှာကြားပြီး ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ယာယီနေရပ်စွန့်ခွာ၍ အဆိုပါဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိနေထိုင်လျက်ရှိသော ရွှမ်းပြည်နယ် လွယ်ပေါ်၊ ဆင်ဖြူ၊ တောင်ပို့ကြီး၊ ညောင်မွန်း၊ ရွှေစမ်း၊ ငါးမူး၊ စံကား

ကုန်းသာ၊ နောင်လိုင်၊ ကန့်ဦး၊ ကုန်းဆွတ်၊ နန်းဆွတ် စသည့်ကျေးရွာများမှ ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ပေးအပ်ကြသည်။

ဆက်လက်၍ လွိုင်လင်လေးမြို့သို့ ရောက်ရှိကာ ပြည်သူများအား စနစ်တကျပြန်လည်နေရာချထားပေးနိုင်ရေး၊ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွိုင်လင်လေးတိုက်နယ်ဆေးရုံ ပြန်လည်ပြုပြင်နိုင်ရေးနှင့် စာသင်ကျောင်းများ ဖွင့်လှစ်ထားရှိမှု၊ ဈိုက်ပျိုးရေးဦးစီးဌာနရုံး ဖွင့်လှစ်မှု အခြေအနေနှင့် လွိုင်လင်လေးမြို့ ရွှေတောရစမ္ဘဘုန်းတော်ကြီးကျောင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးပြီး အမိုး၊ မျက်နှာကြက်နှင့် မီးလိုင်းများ ပြန်လည်ပြုပြင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် လွိုင်ကော်-ဆီဆိုင်လမ်းပိုင်း ဖိုင်တိုင် ၁၃၈/၄ တွင် ကွန်ကရစ်လမ်းနှင့်ကျောက်စီရေမြောင်းဆောင်ရွက်နေမှုနှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကယန်းသာယာဓာတ်အားခွဲရုံ စက်ထိန်းချုပ်ခန်းနှင့် Switch Yard အတွင်း ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် လျှပ်စစ်ဓာတ်အားပို့လွှတ်မည့် လွိုင်ကော်မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများ၊ စက်မှုဇုန်နှင့်လွိုင်လင်လေးမြို့သို့သွယ်တန်းထားသည့်ဓာတ်အားလိုင်းများ အသင့်ဖြစ်စေရေး ကြိုတင်စီမံဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများအား ကော်ဗီမစ်၊ ခေါက်ဆွဲခြောက်နှင့် ကြက်ဥများ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း မိုးရာသီအခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်အားပေး

စစ်တွေ သြဂုတ် ၃

၂၀၂၅ ခုနှစ် မိုးရာသီ အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက စစ်တွေမြို့ ဥယျာဉ်တီအားကစားကွင်း၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ အားကစားအသင်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မိုးရာသီအခြေခံပညာ ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဘောလုံးအသင်းနှင့် အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး တံခွန်စိုက်ဆုဖလားကို ဆွတ်ခူးရရှိသွားသည်။

ဆက်လက်၍အကောင်းဆုံးအားကစားသမားဆုရရှိသော အားကစားသမားများ၊ ပြိုင်ပွဲတစ်လျှောက်တွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့ကြသော ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် Fitness Dance အကအဖွဲ့တို့ကို ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အတွင်းရေးမှူးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများက ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တတိယဆုရရှိသော အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအသင်းကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုငွေကျပ် ခုနှစ်သိန်းကို လည်းကောင်း၊ ဒုတိယဆုရရှိသော အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းအသင်းကို ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ပန်းဖွားအဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပထမဆု ဆွတ်ခူးရရှိသွားသော အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုငွေကျပ် ၁၅ သိန်းနှင့် တံခွန်စိုက်ဆုဖလား တို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

တင်ထွန်း(ပြန်/ဆက်)

ကျန်းမာရေးဝန်ကြီးဌာန
MINISTRY OF HEALTH

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၅ ခုနှစ်၊ သြဂုတ်လ

ပထမပတ် - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်
ဒုတိယပတ် - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပယောက်ရေးရက်သတ္တပတ်

မြန်မာနှင့် ထိုင်း သတင်းမီဒီယာကောင်စီများ လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် သြဂုတ် ၃

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (Myanmar Press Council)(MPC)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ဦးဆောင်သည့်အဖွဲ့နှင့် ထိုင်းနိုင်ငံ သတင်းမီဒီယာကောင်စီ (National Press Council of Thailand) (NPCT) ဥက္ကဋ္ဌ Mr. Chavarong Limpattamapanee ဦးဆောင်သည့် သတင်းမီဒီယာ ကောင်စီဝင်များ သည် သြဂုတ် ၁ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ တွေ့ဆုံဆွေးနွေး၍ နှစ်နိုင်ငံ သတင်းမီဒီယာ ကောင်စီတို့အကြား သတင်းမီဒီယာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးကြသည်။

သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ နှင့်အတူ အတွင်းရေးမှူး ဦးအေးချမ်း၊ တွဲဖက်အတွင်းရေးမှူး (၂) ဦးရဲမင်းစိုးတို့ပါဝင်သော အဖွဲ့သည် ဇူလိုင် ၃၁ ရက်မှ သြဂုတ် ၂ ရက်အထိ ထိုင်းနိုင်ငံရှိ Bangkok Post သတင်းစာတိုက်၊ ထိုင်းနိုင်ငံ အမျိုးသားရုပ်မြင်သံကြားထုတ်လွှင့်ရေးဌာန (National Broadcasting Services of Thailand) (NBT) နှင့် မဟာချိုင် Cable TV ရုပ်သံလွှင့်ဌာနများသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၇)

စာမေးပွဲစနစ်နှင့် စစ်ဆေးအကဲဖြတ်မှုစနစ်များ

ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ဦးမ်း)

ထပ်မံပြီး စာရေးသူကြုံတွေ့ခဲ့ရသော နိုင်ငံတကာ ကျင့်သုံးနေသည့် ပညာရေးစစ်ဆေးအကဲဖြတ်မှု စနစ်များအကြောင်းကို ဆက်လက်ဆွေးနွေးပါမည်။ စာရေးသူ တက်ရောက်ခဲ့ရသော စိုက်ပျိုးရေး တက္ကသိုလ်များနှင့် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များ အတွင်း အသုံးပြုသော အကဲဖြတ်ခြင်းစနစ်များ (စာမေးပွဲအပါအဝင်) ဆွေးနွေးကြည့်ရအောင်ပါ။

စာရေးသူတို့ ဘွဲ့ကြိုကျောင်းသားဘဝက မြန်မာလိုသင်ပြီး နောက်ဆုံးစာမေးပွဲကို တစ်နှစ်လုံးနေမှ သုံးနာရီ စာစီစာကုံး/စာတမ်းတို့ ရေးစနစ်ဖြင့် မြန်မာလိုပဲ တစ်ကြိမ်တည်း ဖြေဆိုခဲ့ရသည်ကို သတိရမိပါသည်။ အထက်တန်းကျောင်းစာမေးပွဲနှင့် မတူသည်မှာ လက်တွေ့စာမေးပွဲများ ပါလာပါသည်။ သို့သော် ဘာသာရပ်ဆိုင်ရာ၊ ဝေါဟာရ/ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများမှာ မူရင်းအင်္ဂလိပ်စာပါပဲ။ ထိုစဉ်က အဆင့်စနစ်ဖြင့် အမှတ်ပေးပြီး Grade-2 ဆိုလျှင် စာမေးပွဲကျ၊ Grade - 5 ဆိုလျှင် ဂုဏ်ထူးမှတ်ရသော စနစ်ဖြစ်ပါသည်။ ယခုအမှတ်စနစ် ပြောင်းထားပါသည်။

နောက် ၁၉၈၇ ခုနှစ် ဩစတြေးလျှနိုင်ငံ ကွင်းစလန်တက္ကသိုလ်တွင် မဟာစိုက်ပျိုးရေး ပညာသင်တန်းတက်ရောက်ခဲ့စဉ်က စစ်ဆေးအကဲဖြတ်မှုစနစ်က လုံးဝပြောင်းသွားခဲ့ပါသည်။ တက္ကသိုလ်က နှစ်ဝက်သင်ရိုးစနစ်ကို ကျင့်သုံးသွားပြီး အမှတ်အစား ဂရိတ်နှင့်ပေးသည့်စနစ် ဖြစ်သွားပါသည်။ စစ်ဆေးအကဲဖြတ်မှုမှာ စာမေးပွဲစနစ် တစ်ခုတည်းမဟုတ်တော့ပါ။ ကြိုတင် တင်ပြရမည့်အလုပ်တာဝန်များ၊ ဟောပြောတင်ပြချက်များ၊ ဘာသာရပ်ဆိုင်ရာ ပြန်လည်ဆန်းစစ်ခြင်းများ ပါဝင်လာပါသည်။

၂၀၀၂ ခုနှစ် ဂျာမနီနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးပညာ ပါရဂူဘွဲ့သင်တန်းတက်စဉ် သူတို့၏ စနစ်အရ ကြီးကြပ်ဆရာနှင့် ဆွေးနွေး၍ ပါရဂူသုတေသနသီးသန့်သာ လုပ်ဆောင်ခဲ့ရပြီး ပါရဂူနောက်ဆုံး စာမေးပွဲတွင် တွေ့ရှိချက်၊ ဆွေးနွေးချက်များကိုသာ ပြုလုပ်ခဲ့ရပါသည်။ သို့သော် စာရေးသူက တက္ကသိုလ်မှလာသော ကျောင်းဆရာဖြစ်နေ၍ သူတို့ အင်္ဂလိပ်လို လို သင်ကြားပေးသော ဘွဲ့ကြိုသင်တန်းများကို မိမိအားသည့် အချိန်တွင် လိုက်လံတက်ရောက်လေ့လာခဲ့ပါသည်။

ပါရဂူစာမေးပွဲအပြီး စာရေးသူနှင့် ကြီးကြပ်ဆရာ/စာစစ်ပုဂ္ဂိုလ်များ။

ထိုစဉ်က တက်ရောက်ခဲ့သော စာရေးသူ၏ ကက်ဆယ်တက္ကသိုလ်က ဘာသာရပ်တစ်ခုကို မော်ဂျူး စနစ်/အချိန်တိုအတွင်း ဆက်တိုက်သင်ကြားသည့်စနစ် (Modular based Block Teaching System) ဖြစ်ပြီး စာသင်ချိန် တစ်နှစ်လေးကြိမ်ခွဲ ပြုလုပ်ကာ စာမေးပွဲစနစ်က လူတွေ့နှုတ်ဖြေသီးသန့်ပင် ဖြစ်ပါသည်။ ကျောင်းသားကျောင်းသူ နှစ်ယောက်ကို တစ်ပြိုင်တည်း အခန်းထဲထည့်ပြီး နာရီဝက်ကြာခန့် ပယ်ပယ်နယ်နယ် မေးပါတော့သည်။ စာအလွတ်ကျက်၍ မရတော့ဘဲ သင်ခန်းစာကို ပိုင်နိုင်မှသာ ဖြေနိုင်ပါလိမ့်မည်။ ဤစနစ်က ဂျာမာန်ကျောင်းသားများပင် တဖုံးဖုံး စာမေးပွဲကျကြပါသည်။ ကောင်းသည့်အချက်က ပထမအကြိမ် မအောင်မြင်ပါက နောက်ထပ် နှစ်ကြိမ် (စုစုပေါင်း သုံးကြိမ်) ပြန်လည်ဖြေဆိုခွင့် ရှိပါသည်။

> **“ ကက်ဆယ်တက္ကသိုလ်က ဘာသာရပ်တစ်ခုကို မော်ဂျူးစနစ်/အချိန်တိုအတွင်း ဆက်တိုက်သင်ကြားသည့် စနစ်ဖြစ်ပြီး စာသင်ချိန် တစ်နှစ်လေးကြိမ်ခွဲ ပြုလုပ်ကာ စာမေးပွဲစနစ်က လူတွေ့နှုတ်ဖြေသီးသန့်ပင်ဖြစ်၊ ကျောင်းသားကျောင်းသူ နှစ်ယောက်ကို တစ်ပြိုင်တည်း အခန်းထဲထည့်ပြီး နာရီဝက်ကြာခန့် ပယ်ပယ်နယ်နယ် မေးပါတော့သည်။ စာအလွတ်ကျက်၍ မရတော့ဘဲ သင်ခန်းစာကို ပိုင်နိုင်မှသာ ဖြေနိုင်ပါလိမ့်မည် ”**

တစ်ဖန် တတ်မြောက်မှု စွမ်းရည်စစ်ဆေးမှုတွင် စာအုပ်ပိတ်စာမေးပွဲနှင့် စာအုပ်ဖွင့်စာမေးပွဲတို့ အကြား နှိုင်းယှဉ်ခြင်း၊ အကျိုးကျေးဇူးနှင့် လက္ခဏာများကို ဖော်ပြထားပါသည်။

စာအုပ်ဖွင့်စာမေးပွဲ၏ အကျိုးကျေးဇူးများ

- မှတ်မိမှုထက် နားလည်မှုအပေါ် အခြေခံသည့် နက်နက်ရှိုင်းရှိုင်း သင်ယူမှုကို လှုံ့ဆော်သည်။
- လက်တွေ့ဘဝတွင် စွမ်းဆောင်နိုင်မှုများကို ပြသနိုင်သည်။ (ဥပမာ - ဆရာဝန်၊ အင်ဂျင်နီယာ၊ သုတေသနဆောင်ရွက်မည့်သူ)။
- ကျောင်းသားကိုယ်တိုင် လေ့လာမှုများ (self-learning) တိုးတက်စေသည်။
- စာမေးပွဲဖိစီးမှုနှင့် စိတ်ဖိစီးမှုကို လျော့နည်းစေသည်။

စာအုပ်ဖွင့်စာမေးပွဲ၏ အားနည်းချက်များ

- “စာအုပ်ကြည့်ပြီး ရေးနိုင်မယ်” ဟုထင်၍ ဖြေဆိုသူက ပြင်ဆင်မှုမလုပ်ခြင်းဖြစ်နိုင်ပါသည်။
- စနစ်တကျမဟုတ်သော အွန်လိုင်းစာမေးပွဲများတွင် ဖြေဆိုသူကို မိမိမျက်စိနှင့် မမြင်ရ၍ လိမ်ညာမှု/လှည့်ဖျားမှုအန္တရာယ် ရှိနိုင်ပါသည်။
- မေးခွန်းအမျိုးအစား မသေချာလျှင် ဖြေဆိုရခက်ခဲသည်။
- အမှတ်ပေးခြင်းသည် ပုဂ္ဂိုလ်ရေးအမြင်အပေါ် မူတည်မှု ဖြစ်နိုင်သည်။

စာအုပ်ဖွင့်စာမေးပွဲအတွက် အကောင်းဆုံး မေးခွန်းဒီဇိုင်းလုပ်နည်းများ

- လက်တွေ့ဘဝ/ပြဿနာအခြေခံဖြေရှင်းနည်း မေးခွန်းများ ထည့်သုံးရန်၊
- အချိန်ကန့်သတ်ထားသော စာမေးပွဲများဖြင့် ဖြေရှင်းမှတ်စုများကို မျှတစွာ သုံးစွဲနိုင်ရန်၊
- လွယ်ကူသောမေးခွန်းများ မထည့်ရန် (e.g., Google ဖြင့်ရှာလို့ရသော အကြောင်းအရာများ)။

စာမျက်နှာ ၁၁ သို့

စာအုပ်ပိတ်စာမေးပွဲနှင့် စာအုပ်ဖွင့်စာမေးပွဲ နှိုင်းယှဉ်ခြင်း

အချက်အလက်	စာအုပ်ပိတ်စာမေးပွဲ (Closed-Book Exam)	စာအုပ်ဖွင့်စာမေးပွဲ (Open-Book Exam)
အဓိပ္ပာယ်	ကျောင်းသားများသည် စာအုပ်၊ မှတ်စု၊ အင်တာနက်များကို အသုံးမပြုရဘဲ အလွတ်ရေးသားဖြေဆိုရသည်။	စာအုပ်၊ မှတ်စု၊ သုတေသန အကြောင်းအရာများကို စာမေးပွဲအတွင်း အသုံးပြုခွင့်ရှိသည်။
ရည်ရွယ်ချက်	မှတ်ဉာဏ်နှင့် အမြန်အချိန်တိုအတွင်း ဖြေဆိုနိုင်မှု စမ်းသပ်သည်။	နားလည်မှု၊ အတွေးအခေါ် ဆန်းစစ်မှု၊ ဖြေရှင်းနည်း စွမ်းရည်စမ်းသပ်သည်။
တိုင်းတာသော ကျွမ်းကျင်မှု	မှတ်ဉာဏ်တွင် အခြေခံသော အကြောင်းအရာများ။	ယှဉ်ပြိုင်ခြင်း၊ သဘောတူခြင်း၊ စဉ်းစားဖော်ပြ ဝေဖန်ခြင်း။
စိတ်ဖိစီးမှု	အကြောင်းအရာ မှတ်မိရန်နှင့် အလွတ်ရေးဖို့ စိတ်ဖိစီးမှုမြင့်မားသည် ။	စာအုပ်ဖွင့်ခွင့်ရှိသော်လည်း စဉ်းစားဖို့လိုသောကြောင့် ပြင်ဆင်မှုနည်းလျှင်လည်း အခက်အခဲ ဖြစ်နိုင်ပါသည်။
လှည့်ဖြားမှု အန္တရာယ်	အခန်းတွင်း စစ်ဆေးမှုဖြစ်သော ကြောင့် လိမ်ညာမှုအန္တရာယ်နည်း။	မထိန်းချုပ်နိုင်သော အွန်လိုင်းစာမေးပွဲများတွင် လိမ်ညာ/လှည့်ဖြားမှု အန္တရာယ်ရှိနိုင်။
မေးခွန်းရေးဆွဲခြင်း	ရိုးရှင်း၍ မေးခွန်းထုတ်ရ လွယ်ကူသည်။	အတွေးအခေါ်အခြေခံ၍ မေးခွန်းထုတ်ရသောကြောင့် စဉ်းစားရမှု များတတ်သည်။
တိကျသော အကဲဖြတ်မှု	မှတ်မိမှု အားသာသူများသာ အောင်မြင်နိုင်သဖြင့် ဘာသာရပ်နားလည်မှုကို မပြသနိုင်။	စဉ်းစားနိုင်မှု၊ ဘာသာရပ် နားလည်မှုကို တိကျစွာ တိုင်းတာနိုင်သည်။
မေးခွန်းနမူနာ	“အပင်အစာချက်မှု အကြောင်း ကို ဖော်ပြပါ။” “ဌေဖောင်းပွမှု ဖြစ်ပေါ်စေသော အကြောင်း ၅ ခုရေးပါ။”	“X သီအိုရီကို Y အခြေအနေတွင် အသုံးချနည်း ရှင်းပြပါ။” “သီအိုရီ ၂ ခုကို ယှဉ်တွဲ ဖော်ပြပါ။”

ဇယား - ၁ စာအုပ်ဖွင့်စာမေးပွဲကို အသုံးပြုသော နိုင်ငံတကာတက္ကသိုလ်များ

တက္ကသိုလ်	အသုံးပြုပုံ
ကိန်းဘာရစ်တက္ကသိုလ်၊ ယူကေနိုင်ငံ Cambridge University (UK)	ဥပဒေ၊ ဘာသာရေးလေ့လာမှုနှင့် ဘွဲ့လွန်သိပ္ပံများတွင် စာအုပ်ဖွင့်စနစ် အသုံးပြုသည်။
ဟာဗတ်တက္ကသိုလ်၊ အမေရိကန်နိုင်ငံ Harvard University (USA)	ကိုဗစ်-၁၉ ကာလအတွင်း မိမိအိမ်မှ ဖြေဆိုရသော စနစ်/အကဲဖြတ်မှု သုံးခဲ့သည်။
စတန်းဖို့တက္ကသိုလ်၊ အမေရိကန်နိုင်ငံ Stanford University (USA)	အင်ဂျင်နီယာ၊ ကွန်ပြူတာသိပ္ပံ၊ တွေးခေါ်မှု ဒီဇိုင်းပညာ စသည်ဖြင့် စာအုပ်ဖွင့်စနစ် အသုံးပြုသည်။
မဲလ်ဘုန်းတက္ကသိုလ်၊ ဩစတြေးလျှနိုင်ငံ University of Melbourne (AUS)	ဥပဒေ၊ ဆေး၊ ပညာရေး အတန်းများတွင် အွန်လိုင်းစာအုပ်ဖွင့်စနစ် အသုံးပြုသည်။
စင်ကာပူအမျိုးသား တက္ကသိုလ်၊ စင်ကာပူနိုင်ငံ NUS - Singapore	ကူးသန်းရောင်းဝယ်ရေး/စီးပွားရေး၊ ဥပဒေ၊ အင်ဂျင်နီယာတက္ကသိုလ်များတွင် စာအုပ်ဖွင့် စနစ်အသုံးပြုသည်။
ဇူးရစ်နည်းပညာတက္ကသိုလ်၊ ဆွစ်ဇာလန်နိုင်ငံ ETH Zurich (Switzerland)	ပတ်ဝန်းကျင်သိပ္ပံ၊ အင်ဂျင်နီယာများတွင် ဖြစ်နိုင်ခြေ စာအုပ်ဖွင့် စစ်ဆေးသောစနစ်သုံးသည်။

တပ်ကုန်းမြို့အတွင်း ကျေးရွာသုံးရွာ၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

တပ်ကုန်း သြဂုတ် ၃

နေပြည်တော် တပ်ကုန်းမြို့နယ် သဖန်းချောင်းကျေးရွာ သုတအလင်းရောင် စာကြည့်တိုက်၊ အိုင့်ကျယ်ကျေးရွာ ဥဏ္ဍာမြင့်မိုရ် စာကြည့်တိုက်နှင့် သစ်ဆိန်ပင်ကျေးရွာ လမ်းပြကြယ်မေတ္တာအလင်း စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို သြဂုတ် ၂ ရက် နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်များရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် သဖန်းချောင်းကျေးရွာ သုတအလင်းရောင် စာကြည့်တိုက်၊ အိုင့်ကျယ်ကျေးရွာ ဥဏ္ဍာမြင့်မိုရ် စာကြည့်တိုက်နှင့် သစ်ဆိန်ပင်ကျေးရွာ လမ်းပြ ကြယ်မေတ္တာအလင်း စာကြည့်တိုက်အဆောက်အအုံသစ်တို့ကို ဦးစီးအရာရှိဒေါ်တင့်တင့်ခိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်မှူးများနှင့် သက်ဆိုင်ရာ ကျေးရွာ တာဝန်ရှိသူများအား စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များ ပေးအပ်ပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။ **တင်စိုးလွင်**

ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြ

အမရပူရ သြဂုတ် ၃

အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၅၇၀(ခ) ရှိ တောင်သူ ဦးမြင့်မောင်နှင့် ဦးသိန်းဝင်းတို့၏ လယ်မြေများပေါ်တွင် ယမန်နေ့က အမရပူရမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဦးဆောင်၍ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူနည်းပညာပေးသရုပ်ပြပွဲကို ပြုလုပ်သည်။

အခမ်းအနားသို့ အမရပူရမြို့နယ်နှင့် လယ်ယာစီမံခန့်ခွဲရေးအဖွဲ့များ၊ ဖိတ်ကြားထားသော တောင်သူများနှင့် စက်မှုလယ်ယာဝန်ထမ်းများ တက်ရောက်ကြသည်။ မြို့နယ်တာဝန်ရှိသူများက တက်ရောက်လာသော တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **စိုးသီဟ(အမရ)**

ကမာရွတ်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် သြဂုတ် ၃

ကမာရွတ်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းကို ယမန်နေ့က ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့ဝင်များက အမှတ်(၁၀)ရပ်ကွက်ရှိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခြင်ကြောင့် ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါများ ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး၊ ရေတင်ကျန်နိုင်သော ဘူးခွက်များ၊ ရေပုံး၊ ရေအိုးများ၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ပြီး ရေတိုင်ကီနှင့် ကျောက်စည်ပိုင်း၊ ရေအုတ်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ဆေးမှုတ်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ **စိမ်းလဲ(ပြန်/ဆက်)**

လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

စာမျက်နှာ ၁၀ မှ

- ကူးချမှုကို စစ်ဆေးသော ပရိုဂရမ်များသုံး၍ ထပ်တူကူးယူမှု နည်းစေရန် စစ်ဆေးခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများ၏ တွေးခေါ်နိုင် စွမ်းရည်တက်လာစေနိုင်ပါသည်။

ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များအတွင်း အသုံးပြုသော အကဲဖြတ်ခြင်းစနစ်များ (စာမေးပွဲ အပါအဝင်)ကို အောက်ပါ၈ယား–၂ တွင် ဖော်ပြထားပါသည်။ ၎င်းအချက်များသည် ပညာရေးအရ တိကျမှု၊ တာဝန်ယူမှုနှင့် ထိရောက်သော သင်ကြားရေး ရည်မှန်းချက်အပေါ် အခြေခံထားခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေသော အကောင်းဆုံးအကဲဖြတ်နည်းများ

(က) အမြဲတမ်းစဉ်ဆက်မပြတ်အကဲဖြတ်မှု

- တင်ပြချက်များ၊ စီမံချက်များအပေါ် မူတည်၍ တိုးတက်စွာ စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းစနစ် ဖြစ်သည်။
- နောက်ဆုံးစာမေးပွဲအပါအဝင် အောင်မှတ်ကို သတ်မှတ်သည်။

(ခ) ကျွမ်းကျင်မှုအခြေခံအကဲဖြတ်မှု

- နားလည်မှုအခြေခံ၍ တဖြည်းဖြည်း ကျွမ်းကျင်မှုရရှိရန် သုံးသည်။
- MIT၊ Stanford University တက္ကသိုလ်များတွင် ပြုလုပ်သည်။

(ဂ) သုတေသနစီမံချက်

- နောက်ဆုံးနှစ်တွင် သီးသန့်သုတေသန(သို့) အဖွဲ့လိုက် စီမံချက်တင်ပြခြင်းဖြစ်သည်။
- အင်ဂျင်နီယာ၊ စီးပွားရေးသင်ရိုးတွင် မရှိမဖြစ် လိုအပ်ပါသည်။

(ဃ) လူတွေ့နှုတ်ဖြေစာမေးပွဲ

- Oxford, ETH Zurich, Tokyo Universities တက္ကသိုလ်တို့တွင် နှုတ်မေးခုခံ တင်ပြချက်များဖြင့် အတွေးအမြင်ခိုင်မာမှု စမ်းသပ်သည်။

(c) မိတ်ဖက်များက အကဲဖြတ်ခြင်း

- မိမိကိုယ်တိုင်နှင့် မိတ်ဖက်များဖြင့် အကဲဖြတ်ခြင်းတို့ ဆောင်ရွက်သည်။
- Stanford, MIT တက္ကသိုလ်တို့တွင် သုတေသန / စမ်းသပ်ချက် အခြေခံ (Project-based) သင်ကြားမှုတွင် အသုံးများသည်။

ဤ၅စနစ်များအောင်မြင်ကြောင်း အကြောင်းပြချက်များ

- နက်နဲသောသင်ယူမှုနှင့် အတွေးအခေါ် ဖွံ့ဖြိုးမှုကို အားပေးသည်။
- သီအိုရီနှင့် လက်တွေ့အသုံးချမှု အချိန်ခွဲအောင်မြင်စွာ ထိန်းသိမ်းပေးနိုင်သည်။
- သုတေသန၊ အချင်းချင်းဆက်ဆံရေးနှင့် တင်ပြမှုကျွမ်းကျင်မှုများ တိုးတက်လာသည် ။
- ပုံမှန်စာမေးပွဲတစ်ခုတည်းသာ မူတည်သည့် ပညာရေးအမှားများကို လျှော့ချပေးနိုင်ပါသည်။
- စဉ်ဆက်မပြတ် သင်ယူနိုင်သည့် ပညာရေးစနစ်တည်ဆောက်ပေးနိုင်ပါသည်။

စာရေးသူ၏အတွေးတစ်စ

(က) နိုင်ငံတကာတက္ကသိုလ်များတွင် အသက်မွေးဝမ်းကျောင်းပညာ/အဆင့်မြင့်ပညာ သင်ကြားနည်း၊ စစ်ဆေးနည်း စသည်တို့ကို သုတေသနပြုနေသော ဌာနများစွာ ရှိပါသည်။

ဥပမာ–ဩစတြေးလျပညာရေးသုတေသနကောင်စီ၊ အဆင့်မြင့် စိုက်ပျိုးမွေးမြူရေးပညာ သုတေသနဌာန၊ ဩစတြေးလျ အနောက်ပိုင်းတက္ကသိုလ်၊ အပူပိုင်းစိုက်ပျိုးမွေးမြူ ပညာရေးဆိုင်ရာ သုတေသနဌာန၊ ကိုစတာရိက၊ အဆင့်မြင့်စိုက်ပျိုးရေးပညာ သုတေသနဌာန၊ ပြင်သစ် စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် စသည်တို့ကဲ့သို့ မြန်မာနိုင်ငံရှိ တက္ကသိုလ် အချို့တွင် သုတေသနဌာန/စင်တာ (TVET and HE Research Center/Institute Including Agricultural Education in some Universities) ပူးတွဲ တည်ထောင်ဆောင်ရွက်သင့်ပါသည်။

(ခ) မြန်မာနိုင်ငံတွင် ဆေးသုတေသန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနများကဲ့သို့ ပညာရေးသုတေသနဦးစီးဌာန (DERPT – Department of Education Research, Planning and Training) မှ စိုက်ပျိုးမွေးမြူရေးပညာများအပါအဝင် အသက်မွေးဝမ်းကျောင်းပညာ/ အဆင့်မြင့်ပညာ သင်ကြားနည်း၊ စစ်ဆေးနည်း သုတေသနများစွာ ပြုလုပ်ခြင်း (သို့မဟုတ်) သီးသန့်ဌာနခွဲ (TVET and Higher Education/Tertiary Education Research Centers/Institutes) ဖွင့်လှစ်၍ ပိုမိုဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။ ။

ဇယား – ၂ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များ၏ အကဲဖြတ်စနစ်များ

တက္ကသိုလ်အမည်/နိုင်ငံ	အကဲဖြတ်ခြင်း၏ အထူးအင်္ဂါရပ်များ	အသုံးပြုသော စာမေးပွဲ/စနစ်များ
အောက်စဖို့တက္ကသိုလ်၊ ယူကေနိုင်ငံ Oxford University (UK)	နည်းပြသင်တန်း (Tutorial) စနစ်ဖြင့် သင်ကြားပြီး အမြဲတမ်း စစ်ဆေးခြင်းများအပေါ် အခြေခံ။ နောက်ဆုံး စာမေးပွဲ အရေးကြီး။	– နောက်ဆုံးစာမေးပွဲ (စာရေး/ မေးမြန်း) – ဆောင်းပါးရေးခြင်း – နှုတ်မေး (စာမေးပွဲအပြီး ပါရဂူ တင်ပြ Oral Exam/ Presentation)
ကိန်းဘာရစ်တက္ကသိုလ်၊ ယူကေနိုင်ငံ Cambridge University (UK)	သုံးကြိမ်စနစ် (မော်ဂျူးအခြေခံ ဂုဏ်ထူးတန်း၊ စာမေးပွဲနှင့် ဘာသာရပ်ပေါင်းစပ်။	– နှစ်ကုန်စာမေးပွဲများ – စာစီစာကုံးနှင့် တင်ပြမှုများ – စာတွေ့/လက်တွေ့ မေးခွန်းများ (သိပ္ပံ)
ဟားဗတ်တက္ကသိုလ်၊ အမေရိကန်နိုင်ငံ Harvard University (USA)	ဘက်စုံပညာရေးစနစ်နှင့် ပျမ်းမျှ ဂရိတ် စနစ်။ စာမေးပွဲထက် စဉ်ဆက်မပြတ်စစ်ဆေးမှု (Continuous Assessment) အလေးထား။	– နှစ်လည်နှင့် နောက်ဆုံး စာမေးပွဲများ – စာရေး၊ တင်ပြမှုများ – တက်ရောက်မှု၊ စစ်ဆေးမှုများ
စတန်းဖို့တက္ကသိုလ်၊ အမေရိကန်နိုင်ငံ Stanford University (USA)	စမ်းသပ်မှုများ၊ စီမံချက်အခြေခံ သင်ကြားမှု။ အောင်/ကျ စနစ်နှင့် အချင်းချင်းစီစစ်ခြင်း အသုံးပြု။	အမြဲတမ်း စီမံချက်အခြေခံ အကဲဖြတ်မှု၊ နောက်ဆုံးအစီရင်ခံစာ၊ စီစစ်ခြင်း ပုံစံတစ်မျိုး (Code Assignments) လုပ်ဖော်ကိုင်ဖက်များက အကဲဖြတ်ခြင်း
ဇူးရစ်နည်းပညာတက္ကသိုလ်၊ ဆွစ်ဇာလန်နိုင်ငံ ETH Zurich (Switzerland)	သုတေသနအခြေခံ။ စာမေးပွဲများက စည်းကမ်းကြီး။ လက်တွေ့ခန်းစာမေးပွဲများပါဝင်။	– လူတွေ့နှင့် စာရေးမှု (စာမေးပွဲများ – ဓာတ်ခွဲခန်း / လက်တွေ့စစ်၊ အဖွဲ့လိုက် စစ်ဆေးမှုပုံစံများ
စင်ကာပူ အမျိုးသား တက္ကသိုလ်၊ စင်ကာပူနိုင်ငံ NUS – Singapore	မော်ဂျူးပုံစံစနစ် ဖြစ်၍ စာမေးပွဲနှင့် ဆောင်ရွက်ရန် (Assignments) တွဲစစ်။	တစ်သင်တန်းအတွင်း စစ်ဆေးမှုများ၊ နောက်ဆုံး စာမေးပွဲ ၄၀–၆၀%)၊ နားလည်မှုဆိုင်ရာ စစ်ဆေးခြင်းများ
တိုကျိုတက္ကသိုလ်၊ ဂျပန်နိုင်ငံ University of Tokyo (Japan)	ပုံမှန်စာသင် +နောက်ဆုံး စာမေးပွဲ စနစ်။ ဘာသာရပ်ကို ဦးတည်လာ	ရေးဖြေစာမေးပွဲ၊ လက်တွေ့ အလုပ်စစ်ဆေးမှု နှင့် စာတမ်းရေး၊ ဘွဲ့ရ လူတွေ့စစ်မှု

၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များ သိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက် လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

နေပြည်တော် သြဂုတ် ၃

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားရစ်(ခ်) တာဇကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများ သိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များအား မှတ်ဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့် စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmar earthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေ့ရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မှတ်ဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက် လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပ အလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များ အသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄ဂ၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ငါးဘတ်အိုင်ခေတ်မီစံပြကျေးရွာ၌ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

ရနှဖြူ သြဂုတ် ၃

ရနှဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ငါးဘတ်အိုင်ကျေးရွာအုပ်စု ငါးဘတ်အိုင်ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါ ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအွမ်တန်ဟုန်း၊ ဒေါ်ထက်မိုမိုဦး၊ မအူပင်ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ငါးဘတ်အိုင်ခေတ်မီစံပြကျေးရွာ၌ အလျားပေ ၉၀၊ အနံပေ ၄၀ရှိ ကျေးရွာပိုင် ဈေးတည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ငါးဘတ်အိုင် ခေတ်မီစံပြကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေစီမံကိန်း (RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀၊ အစုအဖွဲ့ထည့်ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၄၀၀ ဖြင့် အစုအဖွဲ့လေးဖွဲ့မှ မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သည့် ဝက်မွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မုန့်စုံအဖွဲ့မှ ငါးမုန့်ကြော်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ရှေ့ဆက်လက်ဆောင်ရွက်မည့် ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းလုပ်ငန်းစဉ်များကို ချပြရှင်းလင်းပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် သြဂုတ် ၃

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၇၀)ရပ်ကွက်မှောရုံ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်ကာ ပုံမှန်တိုးချဲ့ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပိုလီယို၊ ဝက်သက်၊ ဂျိုက်သိုး၊ ဆုံဆို့နာ၊ မေးခိုင်၊ အသည်းရောင် အသားဝါဘီ စသည့်ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ကလေးအသက်အရွယ်အလိုက် ဆေးမှတ်တမ်းများကို စနစ်တကျစိစစ်၍ လိုအပ်သူများအား ဆက်လက်ထိုးနှံရန် အသိပေးခြင်း၊ မိခင်နို့ကို ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ပထမ ခြောက်လ တိုက်ကျွေးရန်လိုအပ်ချက်များ၊ မိခင်နို့အစားထိုးအစားအစာအုပ်စုများ၊ မိခင်နို့တိုက်ကျွေးခြင်း ဆိုင်ရာ နည်းလမ်းမှန်များကို ဆွေးနွေးဟောပြောသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနအနေဖြင့် ကလေးများအတွက် ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ ဗီတာမင်၊ သတ္တုဓာတ်များ မျှတစွာပါဝင်သည့် အိမ်ဝတ်လွယ်ကူစွာပြုလုပ်နိုင်သော အာဟာရပြည့်မီစာများ အတွက် အကြံပြုချက်များ၊ ပြင်ဆင်နည်းများ သင်ကြားပို့ချပေးခြင်း၊ ပြည်သူလူထု၏ လိုအပ်ချက်များကို တိုက်ရိုက်ဖြေရှင်းပေးနိုင်သော စံပြလုပ်ဆောင်ချက်တစ်ခုအဖြစ် ကာကွယ်ဆေးထိုးနှံခြင်း၊ အာဟာရမျှတမှုနှင့် မိခင်နှင့်ကလေးကျန်းမာရေး စသည့်ပြည်သူ့ကျန်းမာရေး၏ အခြေခံကျသော လုပ်ငန်းရပ်များကို အတူတကွဆောင်ရွက်ခြင်းဖြင့် မြို့နယ်၏ ကျန်းမာရေးအဆင့်အတန်းမြင့်တက်လာစေရန် ရည်ရွယ်ကြောင်းသိရသည်။

နေမျိုးအောင်

စစ်ကြောင်းကြီးငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မော်လမြိုင် သြဂုတ် ၃

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ဈေးကြီးရပ်ကွက် ဓမ္မာရုံ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူး အောင်မြင့်ဌေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မိုးလွင်နှင့် စစ်ကြောင်းကြီး ငါးကြောင်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှု အခြေအနေများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ကဏ္ဍများအလိုက် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ငန်းများသို့ လိမ်လည်စည်းရုံးခေါ်ဆောင်တတ်သည့် နည်းလမ်းများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများကို သတိပြုရှောင်ရှားနိုင်ရေးနှင့်ငွေကြေးလိမ်လည်မှုများ ကင်းဝေးနိုင်စေရေး တို့အတွက် သတိပြုရမည့်အချက်များကို အသိပညာပေးဆွေးနွေးသည်။ **ခင်စန်းမြင့် (ပြန်/ဆက်)**

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”
“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”
“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင် လျှုဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလျှုဒါန်းပွဲကျင်းပ

နေပြည်တော် သြဂုတ် ၃

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက စုပေါင်းပါဝင် လျှုဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် စိုက်ထူလျှုဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပျည်းမနားမြို့ မဟာဓမ္မိကာရာမအုန်းတောကျောင်းတိုက်၌ ပြုလုပ်ရာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် သြဝါဒါစရိယ ဘဒ္ဒန္တစိရဠာ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နေပြည်တော် ဥပ္ပါတသန္တိစေတီတော် သြဝါဒါစရိယ ဆရာတော် ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် အလှူရှင်များက လှုဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများကို ဆရာတော် အရှင်သူမြတ်များထံ အသီးသီး ဆက်ကပ်လှုဒါန်းကြသည်။ ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ပေးအပ်လှုဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ပျည်းမနားမြို့ မဟာဓမ္မိကာ ရာမအုန်းတောကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တတိသ မထေရ်မြတ်ထံမှ သာဓုအနုမောဒနာတရား နာယူကြပြီး လှုဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနာ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်းရ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေပြည်တော်၊ ပျည်းမနားမြို့နယ်၊ ဧဗျူသီရိမြို့နယ်၊ ဧရယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ် လှုဒါန်းလျက်ရှိပြီး ယခု၊ လှုဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၂၃၆ သိန်း ၈ သောင်း ၈ ထောင်ကျပ်၊ ဆန် ၁၁၇၇ အိတ် သုံးပြည်၊ ဆီ ၃၈၄ ဒသမ ၈၀ ပိသာ၊ ဆား ၃၁၉၈ ပိသာ၊ ပဲ ၃၁၉၈ ပိသာ၊ တိုင်းရင်း ဆေးမျိုးစုံ ၁၂၀၆ ဘူး၊ နိုင်ငံခြား ဆေးမျိုးစုံ နှစ်ခြင်း၊ သွားတိုက်ဆေး/သွားတိုက်တံ ခြောက်ဖာတို့ကို လှုဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပစေရန် စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူ

ညောင်ဦး သြဂုတ် ၃

ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများနှင့် Bagan Plastic Campaign အဖွဲ့ဝင်များ၊ ပူးပေါင်းအဖွဲ့များသည် သြဂုတ် ၂ ရက်က စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် လိုက်လံကောက်ယူရှင်းလင်းသည်။ **(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် "ပုဂံဝန်းကျင်သာယာဖို့ ပလတ်စတစ် အမှိုက်တွေရှင်းကြစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ဌာနဆိုင်ရာများ၊ Bagan Plastic Campaign အဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက ပုဂံမြို့ဟောင်း အာနန္ဒာဘုရားတောင်ဘက်လမ်းဆုံ၌ စုရုပ်ပြုလုပ်၍ အနော်ရထာလမ်းမှ ဓမ္မမုံကြီးဘုရားကားရပ်နားကွင်း၊ စူဋ္ဌာမဏိဘုရားအထိ လမ်းဘေး၁၀၊ ယာတစ်လျှောက် စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ ကောက်ယူရှင်းလင်းကြပြီး အပတ်စဉ် (စနေနေ့တိုင်း) ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

ပိုးစပါးပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးသည့် တောင်သူများအား ဓာတ်မြေသြဇာထောက်ပံ့ပေးအပ်

ပင်လုံ သြဂုတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ စိုက်ပျိုးရေးဦးစီးဌာန

ရုံးခ်ဉ် မိုးစပါးမျိုးစေ့ထုတ်နှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးထားသည့် တောင်သူများအား ဓာတ်မြေသြဇာထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါရုံးခ်ဉ် ပြုလုပ်သည်။ **(ဝဲပုံ)**

ဓာတ်မြေသြဇာထောက်ပံ့ပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးကြည်မြင့်က အမှာစကားပြောကြားသည်။ ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်သန်းက ဓာတ်မြေသြဇာထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပင်လုံမြို့မှ မိုးစပါးမျိုးစေ့ထုတ်နှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးသည့် တောင်သူများအား ခရိုင်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဓာတ်မြေသြဇာများ ထောက်ပံ့ပေးကာ မိုးစပါးစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မင်္ဂလာဒုံမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် သြဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် မြို့ပေါ်ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေးရာတွင် အမတ နံပါတ် ၃ ခေါက်ချိုးကတ် ကိုင်ဆောင်ထားသော အသက် ၁၆ နှစ်နှင့် အသက် ၁၈ နှစ်ကြား ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ရပ်ကွက်တိုက်နယ်မှူးများသည် ကြိခင်းစုရပ်ကွက်၊ ပြည်တော်သာရပ်ကွက်၊ ထောက်ကြန့်တောင်ပိုင်းရပ်ကွက်၊ ပြန်လည်နေရာချထားရေးရပ်ကွက်၊ ဒုစ်ပြရပ်ကွက်၊ တောတိုက်ရပ်ကွက်၊ ပေါက်ကုန်းရပ်ကွက် စသည့်ရပ်ကွက် ခုနစ်ခု တို့တွင် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မင်းသိန်းထွန်း**

အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် သြဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ။

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးစျေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(စျ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အာဖဂန်နစ္စတန်နိုင်ငံ၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀၀၀ ထုတ်လုပ်ရန် သဘောတူစာချုပ် ချုပ်ဆို

ကဘူးလ် သြဂုတ် ၃

အာဖဂန်နစ္စတန်နိုင်ငံ၏ စွမ်းအင်နှင့်ရေအရင်းအမြစ် ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀၀၀ ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးရန် အာဖဂန်ကုမ္ပဏီ တစ်ခုဖြစ်သည့် Azizi Group နှင့် သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း နိုင်ငံပိုင် ဘာခ်တာသတင်းအေဂျင်စီက သြဂုတ် ၂ ရက်တွင် အစီရင်ခံဖော်ပြထားသည်။

အဆိုပါစီမံကိန်းမှ အလုပ်အကိုင်အခွင့်အလမ်း များကို ဖန်တီးပေးပြီး နိုင်ငံ၏ စွမ်းအင်ဖူလုံမှုကို မြှင့်တင်ပေးမည်ဟု မျှော်မှန်းထားသည်။ ထို့အပြင် အဆိုပါစီမံကိန်းမှ အလုပ်အကိုင်ပေါင်း ၁၅၀၀၀ နီးပါး ဖန်တီးပေးနိုင်မည်ဖြစ်ပြီး နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းအား ဖြင့် လူငယ်လူရွယ်များ ပြည်ပသို့ ရွှေ့ပြောင်း အလုပ်လုပ်ကိုင်မှုကို လျှော့ချရာတွင် အထောက်အကူဖြစ်စေ မည်ဟု လက်မှတ်ရေးထိုးပွဲတွင် Azizi Group အကြီးအကဲဖြစ်သူ မီဝါအစ်အဒီဇီက ပြောသည်။

ပြည်နယ်အချို့တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ယင်းစီမံကိန်းသည် ပြည်သူများ လျှပ်စစ်သုံးစွဲခွင့်ပိုမိုရရှိအောင် တိုးချဲ့လုပ်ဆောင် သွားမည်ဖြစ်ကြောင်း၊ ကာလရှည်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ဖြစ်ထွန်းစေပြီး နိုင်ငံတော်အတွက် ဝင်ငွေပိုမိုတိုးလာစေမည်ဖြစ်ကြောင်း စွမ်းအင်နှင့် ရေအရင်းအမြစ်ဝန်ကြီးဌာနက ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် ပြည်တွင်းအရင်း အမြစ်များမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ထုတ်လုပ်လျက်ရှိပြီး ယင်းပမာဏမှာ နိုင်ငံ၏ လျှပ်စစ်သုံးစွဲမှု စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းရှိသည်။ အခြား ဂ၀ ရာခိုင်နှုန်းကို အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တာဂျစ်ကစ္စတန်၊ ဥဇဘေကစ္စတန်၊ အီရန်နှင့် ဒေါ်လာ ၂၂၇ သန်း ကျခံကာ တင်သွင်းနေရကြောင်း တာ့ဂ်မင်နစ္စတန်နိုင်ငံတို့မှ နှစ်စဉ် အမေရိကန် သိရသည်။

ဆင်ဟွာ

ရာသီဥတုဆိုးရွားမှုကြောင့် သြစတြေးလျနိုင်ငံအရှေ့ပိုင်း၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်

ဆစ်ဒနီ သြဂုတ် ၃

သြစတြေးလျနိုင်ငံ အရှေ့ဘက် ကမ်းရိုးတန်းရှိ နယူးဆောဝေးလ် ပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းနှင့် ဆီးနှင်း များ ကျဆင်းခြင်းတို့ကြောင့် နေအိမ်ပေါင်း ၂၇၅၀၀ ကျော်မှာ လျှပ်စစ်ဓာတ်အားပြတ်တောက် လျက်ရှိသည်ဟု သြစတြေးလျ အသံလွှင့် ကော်ပိုရေးရှင်း (အေဘီစီ)က သြဂုတ် ၂ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါဒေသရှိ လျှပ်စစ်သုံးစွဲ သူများသည် ညလုံးပေါက် လျှပ်စစ်မီးပြတ်တောက်မှုအတွက် ကြိုတင် ပြင်ဆင်ထားသင့်သည်ဟု ဒေသခံ လျှပ်စစ်ဓာတ်အားပေး ကုမ္ပဏီ အက်ဆန်ရှယ် အင်နာဂျီ၏ ထုတ်ပြန်ချက်ကို ကိုးကားကာ အေဘီစီ အသံလွှင့်ကော်ပိုရေးရှင်း၌ ဖော်ပြခဲ့သည်။

ကုမ္ပဏီမှ ဝန်ထမ်းများသည် လျှပ်စစ်မီးပြန်လည်ရရှိရေး လုပ်ဆောင်နေသော်လည်း ပြင်းထန်သည့် ရာသီဥတုအခြေအနေ ကြောင့် နေ့ဘဏ်းကြန့်ကြာမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ယခုလို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ နယူးဆောဝေးလ်ပြည်နယ် အရေးပေါ်ဝန်ဆောင်မှု (အက်စ်အီအက်စ်)က သြဂုတ် ၂ ရက် မွန်းလွဲပိုင်းတွင် ပြည်နယ်အတွင်းရှိ ကော့ဖိ ကမ်းခြေ၊ မစ်နေ့ကမ်းခြေ၊ အာပါး ဟန်တားနှင့်နယူးအင်လန် ဒေသတို့တွင် မိုးရွာသွန်းမှု အလယ်အလတ်အဆင့်မှ ပြင်းထန် နိုင်ကြောင်း ၎င်းတို့၏ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။ သြဂုတ် ၂ ရက်က မုန်တိုင်းနှင့်ပတ်သက်သည့် သတိပေးချက် ၂၈ ချက် ထုတ်ပြန်ထားပြီး အနည်းငယ် ရေကြီးရေလျှံမှုနှင့် အသင့်အတင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားသည်။ ပြည်နယ်အရေးပေါ် ဝန်ဆောင်မှုဌာနမှ လက်ထောက်ကော်မရှင်နာ နကိုးလ်ဟိုဂန်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး သွားလာရခက်ခဲ စေနိုင်ကြောင်း ပြောကြားသည်။ မြောက်ပိုင်းတောဘလ်လန်း ဒေသ တွင်လည်း နှင်းများထူထပ်စွာ ကျဆင်းနေပြီး နှင်းထူထပ်မှု ကြောင့် ကားအစီးရေ ၂၀၀ အထိ ပိတ်မိနေခဲ့ကြောင်း အေဘီစီတွင် ဖော်ပြထားသည်။

ဆင်ဟွာ

အစ္စရေးနှင့် အပစ်အခတ်ရပ်စဲပြီးနောက် အီရန်လေပိုင်နက်ကို အပြည့်အဝပြန်ဖွင့်

တီဟီရန် သြဂုတ် ၃

အစ္စရေးနှင့် ပဋိပက္ခစတင်ချိန်မှစ၍ အီရန်က ၎င်းတို့၏ လေပိုင်နက် ၌ ကန့်သတ်ချက်များထားရှိပြီး ယခုအခါ ကျန်ရှိနေသည့် ကန့်သတ်ချက် များအားလုံးကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း နိုင်ငံမြို့ပြလေကြောင်း အဖွဲ့(စီအေအို)က သြဂုတ် ၂ ရက်တွင် ကြေညာခဲ့သည်။

ပဋိပက္ခမတိုင်မီကာလအခြေအနေသို့ ပြန်လည်ရောက်ရှိ

ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်းပျံသန်းပြေးဆွဲမှုများ အားလုံးသည် ပဋိပက္ခမတိုင်မီကာလ အခြေအနေသို့ ပြန်လည်ရောက်ရှိ ပြီဟု စီအေအို၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

၂၄ နာရီ လည်ပတ်မှုများ ပြန်လည်စတင်နေ

တီဟီရန်မြို့ရှိ မီရာဘတ် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ၂၄ နာရီ လည်ပတ်မှုများ ပြန်လည်စတင်နေပြီဟုလည်း အတည်ပြုခဲ့သည်။ ယခုအချိန်မှစတင်၍ လေကြောင်းလိုင်းများနှင့် ခရီးသွားအေဂျင်စီ များအားလုံးသည် ၂၄ နာရီ ပျံသန်းရေးဝန်ဆောင်မှုများနှင့် လက်မှတ် ရောင်းချမှုများကို တစ်ဖန်ပြန်၍ ပြုလုပ်နိုင်ပြီဟု ထုတ်ပြန်ချက်တွင် ပါဝင်သည်။

ဇွန် ၂၆ ရက်မှစတင်၍ အီရန်လေပိုင်နက် ပြန်လည်ဖွင့်လှစ်ခြင်း လုပ်ငန်းစဉ်များကို လုပ်ဆောင်ခဲ့ပြီး လေဆိပ်များတွင် ၎င်းတို့၏ ပုံမှန်လုပ်ငန်းလည်ပတ်မှုများကို တဖြည်းဖြည်းချင်း ပြန်လည်စတင် ခဲ့သည်။

ဇူလိုင် ၁၇ ရက်တွင် တီဟီရန်ရှိမီရာဘတ်လေဆိပ်မှလွဲ၍ စီအေအို မှ ကန့်သတ်အချိန်ဇယားအတိုင်း ကျန်လေဆိပ်များအားလုံး ဝန်ဆောင်မှု များ ပြန်လည်ရရှိပြီဟု ကြေညာခဲ့သည်။

ဆင်ဟွာ

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်အတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွယ်ပြီး သံသယရှိသူ ၁၄၉၇၇ ဦးကို ဖမ်းဆီးထိန်းသိမ်း

ဖနောင်ပင် သြဂုတ် ၃

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၅ ခုနှစ် ပထမခုနှစ်လအတွင်း မူးယစ်ဆေးဝါး နှင့် ဆက်နွယ်ပြီး သံသယရှိသူ ၁၄၉၇၇ ဦးကို ဖမ်းဆီးထိန်းသိမ်းထား ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသူအရေအတွက်မှာ ယမန်နှစ်ကထက် ၂ ဒသမ ၇ ရာခိုင်နှုန်းတိုးလာကြောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာန(ADP) က သြဂုတ် ၃ ရက်တွင် ထုတ်ပြန်ထားသည်။ ဖမ်းဆီးခံရသူများအနက် အမျိုးသမီး ၇၉ ဦး အပါအဝင် ၅၃၇ ဦးမှာ နိုင်ငံခြားသားများဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း သံသယရှိသူများ၏ လက်ဝယ်မှ တရားမဝင်မူးယစ်ဆေးဝါးစုစုပေါင်း ၁ ဒသမ ၉၁ တန်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားသူများကို သေဒဏ်အမိန့်ချမှတ်မှုမရှိသော်လည်း ၎င်း၏ ဥပဒေအရ တရားမဝင် မူးယစ်ဆေးဝါး ၈၀ ဂရမ်ကျော် ရောင်းဝယ်ဖောက် ကားသည်ဟု ပြစ်မှုထင်ရှားသည်ကို တွေ့ရှိပါက တစ်သက်တစ်ကျွန်း ထောင်ဒဏ်ချမှတ်နိုင်ကြောင်း သိရသည်။

ဆင်ဟွာ

ယီမင်ကမ်းလွန်၌ လေ့တိမ်းမှောက်မှုကြောင့် ရွှေ့ပြောင်းနေထိုင်သူ ၂၀ ကျော်သေဆုံး၊ ဒါဇင်နှင့်ချီပျောက်ဆုံးနေ

အေဒင် သြဂုတ် ၃

ယီမင်နိုင်ငံတောင်ပိုင်း အက်ယမ် ပြည်နယ်ကမ်းလွန်၌ အာဖရိက ရွှေ့ပြောင်းနေထိုင်သူ ၁၅၀ ခန့်ကို တင်ဆောင်လာသည့် မှောင်ခိုလှေ တစ်စင်း တိမ်းမှောက်မှု ဖြစ်ပွား သဖြင့် ရွှေ့ပြောင်းနေထိုင်သူ ၂၀ ကျော်သေဆုံးပြီး ဒါဇင်နှင့်ချီကာ ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း ယီမင် သတင်းရင်းမြစ်များက သြဂုတ် ၃ ရက်တွင် ပြောကြား သည်။

အဆိုပါလှေသည် သြဂုတ် ၂ ရက် ညနေ၁း၀ိုင်း ဒေသစံတော် ချိန် ည ၁၁ နာရီခန့်က လေပြင်း တိုက်ခတ်မှုကြောင့် တိမ်းမှောက် သွားခြင်းဖြစ်ကြောင်း အမည် မဖော်လိုသူဒေသဆိုင်ရာ အရာရှိ တစ်ဦးက ဆင်ဟွာသို့ ပြောကြား သည်။

ကွင်းဆင်းအဖွဲ့များက Shaqra နှင့် ဇင်ဂျီဘာမြို့တို့၏ ကမ်းခြေမှ သေဆုံးသူ ၂၀ ကျော်ကို သြဂုတ် ၃ ရက် နံနက်ပိုင်းတွင် ပြန်လည်တွေ့ရှိခဲ့ကြောင်း၊ အသက် ရှင်ကျန်သူ ၁၂ ဦးကိုလည်း ကယ်ဆယ်ခဲ့ပြီး Shaqra အထွေထွေဆေးရုံသို့ ပို့ဆောင် ပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး က ပြောကြားသည်။

သေဆုံးသူများကို ရှာဖွေ ရန်လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြောင်း အက်ယမ်ရှိ လုံခြုံရေးအာဏာပိုင် များက ပြောကြားသည်။

ဆင်ဟွာ

ယခုနှစ် မုတ်သုံမိုးကြောင့် သေဆုံးသူပေါင်း ရာနှင့်ချီရှိတဲ့ ပါကစ္စတန်

နွယ်နီလင်း

ပါကစ္စတန်နိုင်ငံတစ်ဝန်း ဇွန်လနှောင်းပိုင်းမှစကာ မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် နေရာအနှံ့ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် မတော်တဆမှုများကြောင့် သေဆုံးသူ ၂၇၁ ဦးခန့်ရှိသည်။ ထို့ပြင် ဒဏ်ရာရရှိသူ ၆၅၅ ဦးရှိသည်ဟု နိုင်ငံ၏သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့(အင်နီဒီအမ်အေ)က ဆိုသည်။

ပါကစ္စတန်နိုင်ငံ ဆင်းဒ်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီးနောက် လမ်းပေါ်တွင် ရေကြီးနေသည်ကို ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။

ယင်းမှာ ဇွန် ၂၆ ရက်မှ ဇူလိုင် ၂၆ ရက်အတွင်း ထိခိုက်သေဆုံးသူအရေအတွက်ကို မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်ဟု အင်နီဒီအမ်အေက ထုတ်ပြန်ထားသည်။

ပါကစ္စတန်အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်ကို အဆိုးရွားဆုံးခံစားရသည့် ဒေသဖြစ်ကာ သေဆုံးသူ ၁၁၄ ဦးနှင့် ဒဏ်ရာရရှိသူ ၄၃၇ ဦးရှိသည်။

ပန်ဂျပ်ပြည်နယ် မြို့တော်လာဟိုးရှိ လည်း ပြီးခဲ့သည့် သီတင်းပတ်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြို့အတွင်း မြေနိမ့်ပိုင်းဒေသ အများအပြားတွင် လျှပ်စစ်မီးပြတ်တောက်ကာ မြို့၏ လမ်းကျဉ်းများတွင်လည်း ပြင်းထန်သည့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

ပန်ဂျပ်ပြည်နယ် မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် ကြုံတွေ့ခဲ့ရ

အလားတူ ပန်ဂျပ်ပြည်နယ်အလယ်ပိုင်းနှင့်တောင်ပိုင်းရှိ အခြားဒေသများတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ ပြီးခဲ့သည့် ရက်များအတွင်း မိုးဆက်လက်ရွာခဲ့သည်ဟု နိုင်ငံ၏ မိုးလေဝသဌာနက ခန့်မှန်းထားသည်။

နောက်ထပ် အားကောင်းသည့် မုတ်သုံရာသီဥတုအခြေအနေမှာ ပြီးခဲ့သည့်ရက် အနည်းငယ်အတွင်း ခိုင်ဘာပါ့တွန်ခွာပြည်နယ်၏ ဒေသအများစုတွင် ဖြစ်ပေါ်ခဲ့သည်ဟု ပါကစ္စတန်မိုးလေဝသဌာန (ပီအမ်ဒီ)က ဆိုသည်။

အာဏာပိုင်များက မိုးလေဝသသတိပေးချက်များကို ထုတ်ပြန်ခဲ့ပြီး ခရိုင်များတွင် ထိခိုက်မှုလျော့နည်းစေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်ဟု အင်နီဒီအမ်အေက ပြောသည်။

ထို့ပြင် အခြေအနေများကိုစောင့်ကြည့်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၏ ကြိုးပမ်းအားထုတ်မှုများကို ပေါင်းစပ်ညှိနှိုင်းရန်အတွက် ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ဟု အင်နီဒီအမ်အေက ဆိုသည်။

ပါကစ္စတန်နိုင်ငံ၌ သေဆုံးသူများ၏ သုံးပုံနှစ်ပုံမှာ နေအိမ်များ ပြိုကျခြင်းနှင့် ရုတ်တရက် ရေကြီးခြင်းတို့ကြောင့် ဖြစ်သည်ဟု အင်နီဒီအမ်အေက ဆိုသည်။ လူဦးရေ သန်း ၂၅ ကျော်ရှိသော ပါကစ္စတန်နိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ခံနိုင်ရည်စွမ်းအားနည်းသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။

သဘာဝဘေးအန္တရာယ် နှစ်စဉ်ကြုံတွေ့

ပါကစ္စတန်နိုင်ငံသည် သဘာဝဘေးအန္တရာယ်ကို နှစ်စဉ် ထပ်ခါထပ်ခါ ကြုံတွေ့ခဲ့ရသည်။ အလားတူ ၂၀၂၂ ခုနှစ်ကလည်း ဆိုးရွားပြင်းထန်သည့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သဖြင့် နိုင်ငံတစ်ဝန်း လူ ၁၇၀၀ ခန့်သေဆုံးခဲ့သည်။ လူပေါင်းသန်း ၃၀ ကျော်မှာ ဘေးလွတ်ရာသို့ပြောင်းရွှေ့ခဲ့ရပြီး ၎င်းတို့၏ နေအိမ်များ၊ တိရစ္ဆာန်များနှင့် သီးနှံများ ပျက်စီးဆုံးရှုံးခြင်းတို့လည်း ကြုံတွေ့ခဲ့ရသည်။

> ❑ ပါကစ္စတန်နိုင်ငံ၌ သေဆုံးသူများ၏ သုံးပုံနှစ်ပုံမှာ နေအိမ်များ ပြိုကျခြင်းနှင့် ရုတ်တရက်ရေကြီးခြင်းတို့ကြောင့် ဖြစ်သည်ဟု အင်နီဒီအမ်အေက ဆို
>
> ❑ လူဦးရေ သန်း ၂၅၀ ကျော်ရှိသော ပါကစ္စတန်နိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ခံနိုင်ရည်စွမ်းအားနည်းသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်

ဒေါ်လာ ၁၄ သန်း ၈ ဘီလီယံ ပျက်စီးဆုံးရှုံး

နိုင်ငံတစ်ဝန်း ၂၀၂၂ ခုနှစ်က ရေကြီးနစ်မြုပ်မှုကြောင့် ပစ္စည်း၊ မြေနှင့် အဆောက်အအုံ ဒေါ်လာ ၁၄ သန်း ၈ ဘီလီယံ ပျက်စီးဆုံးရှုံးခဲ့ရကာ နိုင်ငံ့ဂျီဒီပီ၏ ဒေါ်လာ ၁၅ သန်း ၂ ဘီလီယံ ဆုံးရှုံးခဲ့ရသည်ဟု ခန့်မှန်းချက်များအရ သိရသည်။

အကူအညီများမရရှိခဲ့

မိမိတို့နိုင်ငံသည် ရုတ်တရက်ရေကြီးမှုနှင့် အခြားဘေးအန္တရာယ်များ ဖြစ်ပွားရာ၌ ရာသီဥတုဆိုင်ရာ အရေးပေါ်အခြေအနေကို ဖြေရှင်းရာတွင် နိုင်ငံတကာအဖွဲ့အစည်းထံမှ အကူအညီများမရရှိခဲ့ဟု ပါကစ္စတန်အစိုးရက ဆိုသည်။

တောင်အာရှ နိုင်ငံဖြစ်သော ပါကစ္စတန်သည် ဇွန်လနှောင်းပိုင်းမှ စက်တင်ဘာလအထိ မုတ်သုံရာသီအတွင်း ပုံမှန်အားဖြင့် နှစ်စဉ်မိုးရေချိန် ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ရှိသည်။

ကမ္ဘာ့အရေးပါသော ရေခဲမြစ်များ တည်ရှိရာနေရာဖြစ်သည့် "တတိယ ဝင်ရိုးစွန်း"ဟု ခေါ်သော နိုင်ငံမြောက်ပိုင်း ဂီဂျစ်-ဘယ်တီစတန် (Gilgit-Baltistan) ဒေသ၌ ပြင်းထန်သည့်အပူချိန်ကြောင့် ယခုနှစ်တွင် မုတ်သုံရာသီ၌ ပျက်စီးမှုများ ပိုဆိုးစေခြင်းဖြစ်သည်။

အဆိုပါဒေသသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ ထက် မနည်းတွင် တည်ရှိသော်လည်း တောင်တန်းဒေသများ၏ အပူချိန်သည် ၄၈ ဒီဂရီဆဲလ်စီးယပ်အဖြစ် မှတ်တမ်းတင်ထားသည်ဟု ပီအမ်ဒီက ဆိုသည်။ ဂီဂျစ်-ဘယ်တီစတန်သည် ရေခဲထုများ ထောင်ပေါင်းများစွာတည်ရှိသဖြင့် ကမ္ဘာတစ်ဝန်းရှိ တောင်တက်သမားများကို ဆွဲဆောင်လျက်ရှိသည်။

ဇွန်လအပူချိန်သည် ရေခဲများကို လျင်မြန်စွာအရည်ပျော်စေပြီး အချို့ဒေသများအတွင်း အပူချိန်မှာ ဆယ်စုနှစ်သုံးခုအတွင်း စံချိန်တင်လျက်ရှိသည်ဟု ဂီဂျစ်ရှိ ဖာတီမာဂျင်နာ (Fatima Jinnah) ဒီဂရီကောလိပ်မှ လက်ထောက်ပါမောက္ခနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာပုဂ္ဂိုလ် ဆီတာရာ ပါဗင်က ဆိုသည်။

မြင့်မားလာသည့် ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန် ပါကစ္စတန်နိုင်ငံသည် ၂၀၅၀ ပြည့်နှစ်အထိ နှစ်စဉ်ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၄၀/၅၀ ဘီလီယံ လိုအပ်မည်ဟု ပါကစ္စတန် ဗဟိုဘဏ်၏ အကြီးအကဲဟောင်းတစ်ဦးက ဆိုသည်။ ။

ကိုးကား-ဆင်ဟွာ၊ Al Jazeera

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် အိုကာရာခရိုင်၌ ၂၀၂၃ ခုနှစ် ဩဂုတ် ၂၈ ရက်က ရေကြီးမှုဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။

မင်းဘူးမြို့၌ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးနှင့် ဥပဒေပါအကြောင်းအရာများ အသိပညာပေးဟောပြော

မင်းဘူး သြဂုတ် ၃

မင်းဘူး(စကျ)မြို့နယ်၌ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးနှင့် ဥပဒေပါအကြောင်းအရာများ အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့က အလံပါယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံနှင့် ဇရပ်ကြီးကျေးရွာတို့၌ ကွင်းဆင်း၍ ဟောပြောသည်။

ဟောပြောပွဲတွင် မကွေးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနဌာန ဦးစီးအရာရှိ ဦးရဲလွင်က မင်းဘူး(စကျ)မြို့နယ်ရှိ စကုနယ်၊ မန်းချောင်းလွင်ပြင်နှင့် အလံပါယ်ကျေးရွာ နယ်နိမိတ်သည် ရှေးလွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ နှင့် ၃၀၀၀ အတွင်းက ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဟူ၍ ခေတ်သုံးခေတ်ရှိခဲ့ပြီး သမိုင်းအထောက်အထားများအရ သံခေတ်ကနန်းမြို့ရိုး၏ အပိုင်းအစများရှိကြောင်း သိရပြီး ထိုရှေးဟောင်းပစ္စည်းများသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာပစ္စည်းများ ဖြစ်သောကြောင့် တူးဖော်ယူဆောင်ခြင်း၊ အိမ်တွင်ထားရှိခြင်း၊ ရောင်းချခြင်း မပြုကြရန်နှင့် တွေ့ရှိပြီး နိုင်ငံတော်အား အပ်နှံပါက ပစ္စည်း၏ ကာလတန်ဖိုး ရရှိမည်ဖြစ်သည့်အပြင် ပစ္စည်းသက်တမ်းကာလ အလိုက် ဆုကြေးများပါ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရဲမှူးလှိုင်ဝင်းက မြစ်၊ ချောင်း၊ အင်းအိုင်များနှင့် အိမ်၊ ခြံ၊ လယ်ကွက်၊ ယာကွက်များတွင် တွေ့ရှိသည်ဖြစ်စေ၊ တူးဖော်ရရှိသည်ဖြစ်စေ၊ ရရှိသည့် ရှေးဟောင်းပစ္စည်းများသည် နိုင်ငံတော်ပိုင် ပစ္စည်းများဖြစ်၍ လက်ဝယ်ထားရှိခြင်း၊ ရောင်းချသုံးစွဲခြင်း ပြုလုပ်ပါက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထောင်ဒဏ်၊ ငွေဒဏ်များ ကျခံရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားကာ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဦးအောင်ဟိန်းထက်က ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပါ သိရှိရမည့် အချက်များနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပါ ပြစ်မှုပြစ်ဒဏ်များကို ဆွေးနွေးပြောကြားခဲ့သည်။ အသိပညာပေးဟောပြောပွဲသို့ အလံပါယ်ကျေးရွာနှင့် ဇရပ်ကြီးကျေးရွာမှ ရွာသူရွာသားများ တက်ရောက်ခဲ့ကြသည်။ **ဇေယျာနိုင်(ရွှေကန်)**

ကံမမြို့နယ်၌ တောင်သူများအား ပိုက်ဆံလျှော်၊ ချည်မျှင်ရှည်ဝါနှင့် နေကြာသီးနှံမျိုးစေ့များ ပေးအပ်

ကံမ သြဂုတ် ၃

ကံမမြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပိုက်ဆံလျှော်သစ်စိမ်းမြေသြဇာ စိုက်ပျိုးထည့်သွင်းခြင်းစီမံကိန်း၊ ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးစီမံကိန်းနှင့် ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် တောင်သူများထံသို့ ပိုက်ဆံလျှော်၊ ချည်မျှင်ရှည်ဝါနှင့် နေကြာသီးနှံမျိုးစေ့များ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကံမမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ကျေးရွာအုပ်စုများရှိ တောင်သူများထံသို့ ပိုက်ဆံလျှော်၊ ချည်မျှင်ရှည်ဝါနှင့် နေကြာသီးနှံမျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **လင်းခန့်**

ကျောင်းသား ကျောင်းသူ ၄၀၀ ပါဝင်၍ ငလျင်ဘေးသရုပ်ပြလေ့ကျင့်

သာစည် သြဂုတ် ၃

သာစည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ငလျင်ဘေး အန္တရာယ်ဆိုင်ရာ သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးစိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ ပရဟိတလူမှုကူညီရေးအဖွဲ့များ၊ အထက(၁) သာစည်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သရုပ်ပြလေ့ကျင့်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ဆီဆိုင်မြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

ဆီဆိုင် သြဂုတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆီဆိုင်မြို့နယ်အတွင်း ဘေးသင့်ပြည်သူများ စီးပွားရေးလုပ်ငန်းပြန်လည် ထူထောင်လာနိုင်ရန်အတွက် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့ကမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒေသဦးစီးမှူး ဦးဝင်းကျော်မျိုးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒေသဦးစီးမှူးနှင့် တာဝန်ရှိသူတို့က သင်တန်းသူများအား သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကို ပေးအပ်သည်။ အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ဆီဆိုင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၂၀ တက်ရောက်ကြပြီး သင်တန်းအား သြဂုတ် ၂ ရက်မှ ၆ ရက်အထိ ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တာမွေမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် သြဂုတ် ၃

တာမွေမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ယမန်နေ့က မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးမြင့်ဇော် ဦးဆောင်သည့်အဖွဲ့က မြို့နယ်အတွင်း နေထိုင်ကြသော နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ပြည်သူများအား ကိုင်ဆောင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ် တစ်မျိုးမျိုးရရှိနိုင်ရေးနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းကို ပန်းခင်းစိမံချက် (၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် တာမွေမြို့နယ်ရှိ မအူကုန်းရပ်ကွက်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ နတ်မောက် ရပ်ကွက်နှင့် ဗျိုင်းရေအိုးစင် (ရွာမ) ရပ်ကွက်အတွင်း နေထိုင်ကြသော ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခဲ့ကြပြီး သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

ညောင်ရွှေမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းစတင်အကောင်အထည်ဖော်

ညောင်ရွှေ သြဂုတ် ၃

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယနေ့နံနက်ပိုင်းမှစတင်ကာ ရေပယ်(ထက်)-ရေဦး(မြောက်) ကျေးရွာချင်းဆက် ကျောက်ချောလမ်း လုပ်ငန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းလုပ်ငန်း စတင်ဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးညွှန့်ဝင်းအောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းတိုင်းတာဆောင်ရွက်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၂၀ ဒသမ ၉၄၅ သန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လမ်းအရှည်(၀/၄)မိုင်ရှိ၍ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဒေသအတွင်းရှိ ကျေးရွာ ၁၁ ရွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

လှိုင်းဘွဲမြို့နယ်၌ ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားကျင်းပ

လှိုင်းဘွဲ သြဂုတ် ၃

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၌ ကရင်တိုင်းရင်းသားအားလုံးတို့၏ ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်သော ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်းဘွဲမြို့ (က)ရပ်ကွက် အောင်မြင်သာယာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များထံမှ ငါးပါး သီလနှင့်သြဝါဒများကို ခံယူပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး စိုးမင်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးအုန်းတင်က ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနား နှစ်စဉ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာစာတမ်းကို ကရင်ဘာသာနှင့် မြန်မာဘာသာတို့ဖြင့် ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ဖတ်ကြားကြသည်။

ဆက်လက်၍ လိပ်ပြာမောင်နှံခုနစ်ဖော်အား ဖိတ်ခေါ်ပြီး ချည်ဖြူဖွဲ့မင်္ဂလာပွဲတွင် တစ်ဦးနှင့်တစ်ဦး ချည်ဖြူဖွဲ့ခြင်း၊ ဆုတောင်း မေတ္တာပို့သခြင်းနှင့် ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ကရင်ရိုးရာတေးသီချင်းများ၊ စည်းလုံးညီညွတ်ခြင်း တေးသီချင်းများဖြင့် ကပြဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

စောဒိ(ပြန်/ဆက်)

ဘုတ်ပြင်းမြို့၌ မွေးကင်းစမှ အသက် နှစ်နှစ်အောက်ကလေးငယ်များအား ဆေးတိုက်ကျွေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေး

ဘုတ်ပြင်း သြဂုတ် ၃

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ မွေးကင်းစမှ အသက် နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးပေးခြင်းကို လစဉ်လဆန်းပိုင်းတွင် ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ဆောင်ရွက်ပေးသည်။

ကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးမိခင်များအား ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်နွေးနွေးသဇင်က ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ မွေးကင်းစမှအသက် နှစ်နှစ်အထိ ကလေးများအား BCG ဦးနှောက်အမြှေးရောင်ဝိတီဘီ၊ လူးစေ့တီဘီ ရောဂါကာကွယ်ဆေး၊ OPV ပိုလီယိုရောဂါကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်အမြှေးရောင် ရောဂါကာကွယ်ဆေး၊ (ဆုံဆို့နာ၊ ကြက်ညာချောင်းဆိုး၊ မေးခိုင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ အသည်းရောင်အသား၀ါ(ဘီ) စသည့် ငါးမျိုးစပ် ကာကွယ်ဆေး၊ ဝက်သက်ကျိုက်သိုးရောဂါကာကွယ်ဆေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး စသည့် အသက်အရွယ်အလိုက် သတ်မှတ်ထားသည့် ကာကွယ်ဆေးများကို လစဉ်ပုံမှန် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

တံခါးမ - ရွာပု ကျေးရွာအဝင်လမ်း ကျောက်ချောလမ်းခင်း

ကျောက်ပန်းတောင်း သြဂုတ် ၃

ကျောက်ပန်းတောင်းမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ကျောက်ပန်းတောင်း - ချောက်ကားလမ်းမှ တံခါးမ - ရွာပုကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ)နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ တံခါးမ - ရွာပုကျေးရွာအဝင်လမ်း ကျောက်ပန်းတောင်း-ချောက်ကားလမ်းမှ ကျောက်ချောလမ်း အရှည်မှာ ငါးဖာလုံ၊ အကျယ် ၁၆ ပေနှင့် ၃ ခြောက်လက်မဖြစ်ပြီး တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၁၂၄ ဒသမ ၇၆၃ သန်းဖြင့် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**

မင်းဘူးမြို့နယ်၌ ရွာမကန်ကျေးရွာ အဝင်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်

မင်းဘူး သြဂုတ် ၃

မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရွာမကန်၌ ကျေးရွာအဝင်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း

တိုင်းတာခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အရည်အသွေးစစ်ဆေးရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) နှင့် တာဝန်ရှိသူများက ရွာမကန်ကျေးရွာ အဝင်လမ်းမြေနီခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မင်းဘူးမြို့နယ်၌ ရွာမကန်ကျေးရွာ အဝင်လမ်း အရှည်ပေ ခြောက်ဖာလုံ၊ အကျယ် ၁၈ ပေ ချဲ့၍ ၃ ရှစ်လက်မ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၉၀၁ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်း ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

ငဖေမြို့နယ်၌ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

ငဖေ သြဂုတ် ၃

မင်းဘူးခရိုင် ငဖေမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းက ချောင်းဖြူကျေးရွာ ဘုန်းတော်ကြီးကျောင်းမှောရုံ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအုန်းဝင်းနှင့် ဝန်ထမ်းများက ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် သွေးချိုရောဂါ ရှိ မရှိ တိုင်းတာပေးခြင်း၊ လိုအပ်သောဆေးဝါးများ ပေးအပ်ခြင်းနှင့် ဆေးကုသပေးခြင်းများကို ချောင်းဖြူကျေးရွာဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၉၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးကြကြောင်း သိရသည်။

မယု(ငဖေ)

ဒကွိ်ဏာသီရိမြို့နယ်၌ မီးခိုးမြှင့်ငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေး

နေပြည်တော် သြဂုတ် ၃

ဒကွိ်ဏာသီရိမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မီးခိုးမြှင့်ငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ညောင်ကုန်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ဒကွိ်ဏာသီရိမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲလှဲဝါက မီးခိုးမြှင့်ငွေ့လျှော့ချခြင်း၊ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါ အမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်း နည်းလမ်းများ ဆောင်ရန် ရှောင်ရန် စသည့် အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများက ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးခဲ့သည်။ **မောင်ခိုင်**

ရေချွေတာရေး နည်းလမ်းများ

- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်၊ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ဆပ်ပြာတိုက်နေစဉ်အတွင်း ရေပန်းကို ဖွင့်မထားပါနှင့်။
- ရေကိုမြန်မြန်ချိုးပြီး၊ ဆပ်ပြာတိုက်နေစဉ် သို့မဟုတ် ခေါင်းလျှော်နေစဉ် ပိုက်ခေါင်းပိတ်ထားပါ။

ညောင်ဦးကျေးရွာ၌ ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကျင်းပ

အိမ်မဲ သြဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ညောင်ဦးကျေးရွာ ဓမ္မရံသီကျောင်းတိုက်၌ ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားကို တာဝန်ရှိသူများက ပဒိုးမှုတ်၍ ဖားစည်တီးပြီး အခမ်းအနား ဖွင့်လှစ်သည်။ ထို့နောက် ဓမ္မရံသီကျောင်းတိုက်ဆရာတော် ရှင်ပညိန္ဒက ဆုံးမသြဝါဒစကား မိန့်ကြားသည်။

ထို့နောက် ချည်ဖြူဖွဲ့ မင်္ဂလာအကြောင်းကို ပိုးကရင်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် တာဝန်ရှိသူများက ဖတ်ကြားပေးပြီး ဒေါက်တာ မောင်မောင်စိုးက ကရင်တိုင်းရင်းသားများအတွက် သတင်းစကားများကို ပြောကြားသည်။

ယင်းနောက် အစုကြီးကျေးရွာပန်းခရေခုံးအဖွဲ့က ကြိုဆိုကပြဖျော်ဖြေပြီး တာဝန်ရှိသူများပါဝင်သော ပန်းဖလားအဖွဲ့၊ ပဒိုးအဖွဲ့၊ အလံကိုင်အဖွဲ့များက ချည်ဖြူဖွဲ့ မည့် ပစ္စည်းများကို သယ်ဆောင်ပြီး အဘိုး အဘွားများ ဦးဆောင်၍ တက်ရောက်လာသူများက ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ကျင်းပကြောင်း သိရသည်။

ချစ်သက်လယ် (ပြန်/ဆက်)

ဟဲဟိုးမြို့ ပုန်းအင်းကျေးရွာ၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနည်း ကွင်းသရုပ်ပြသ

ကလော သြဂုတ် ၃

စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန အောင်ပန်းမြို့အမှတ်(၆၅) စက်မှုလယ်ယာစခန်းတို့ ပူးပေါင်း၍ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ကလောမြို့နယ် ဟဲဟိုးမြို့ ပုန်းအင်းကျေးရွာရှိ တောင်သူဦးကျော်နိုင်စိုး၏ လယ်မြေ၌ ပြုလုပ်ရာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ အောင်ပန်းမြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၅) စက်မှုလယ်ယာစခန်းမှ ဦးစီးအရာရှိဦးဦးဘဝင်းက လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ဧင်က စပါးအထွက်နှုန်း ကောင်းမွန်စေရေး တို့ကို တောင်သူများအား အတွက် စနစ်တကျ စပါး ရှင်းလင်းပြောကြားခဲ့သည်။ ပျိုးထောင်စိုက်ပျိုးနည်း စနစ်

ကျော်ဝင်း(ကလော)

ကျောက်ဖြူမြို့၌ မိုးစပါးများ ဆက်လက်စိုက်ပျိုး

ကျောက်ဖြူ သြဂုတ် ၃

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးများကို စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် မိုးရွာသွန်းမှု ကောင်းမွန်သောကြောင့် မိုးစပါးများကို နေ့စဉ်ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးလျက်ရှိရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်း၍ စံပြကွက်၊ မျိုးစေ့ထုတ်စိုက်ခင်းများကို အချိန်မီစိုက်ပျိုးပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပြီး လယ်သမားများနှင့် ပူးပေါင်းကာ မိုးစပါးများကို အောင်မြင်စွာ စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

တင်ထွန်းဦး (ပြန်/ဆက်)

ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

သရက် သြဂုတ် ၃

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်က "ဆိုရှယ်မီဒီယာပေါ်က အန္တရာယ်များ" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး လန်ချန်း - မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနက ဖြန့်ဝေပေးပို့သည့် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေး ဗီဒီယိုဖိုင်နှစ်ခုကို ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

> ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

ပွင့်ဖြူမြို့နယ်၌ ချည်မျှင်ရှည်ဝါ ၁၇၈၇ ဧကအထိ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ သြဂုတ် ၃

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၁၇၈၇ ဧကအထိ စိုက်ပျိုးပြီးစီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၁၇၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၇၈၇ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားချက်ဧက ပြည့်မီစေရန် ဆက်လက်ကြိုးပမ်း စိုက်ပျိုးလျက်ရှိသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်မှာ ချည်မျှင်ရှည်ဝါ ၁၇၅၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့အထိ ၁၇၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားချက်ဧကကိုလည်း ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြဖို့ ၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့၊ သွင်းအားစုများ စနစ်တကျ သုံးစွဲကြဖို့ စိုက်ပျိုး ရေးအသိပညာပေးတာတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

အများပြည်သူသို့ အသိပေးကြေညာချက်

နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားသည် နိုင်ငံသားစိစစ်ရေးကတ်ပြားဖြစ်ပါသည်။ နိုင်ငံသားဟုဆိုရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသားလက်မှတ်၊ နိုင်ငံသားပြန်ခွင့်လက်မှတ်ကို ဥပဒေနှင့်အညီ ကိုင်ဆောင်ထားသူတို့ကို ဆိုလိုပါသည်။ နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်များဖြင့် လွယ်ကူအဆင်ပြေစွာ စိစစ်ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင်လည်း ဒီဂျစ်တယ်စနစ်ဖြင့် ပြည်သူတို့အတွက် လူမှုစီးပွားဆိုင်ရာထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရန် နိုင်ငံအတွင်းနေထိုင်သူများအား e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများကို နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ထုတ်ပေးလျက်ရှိနေသော်လည်း ယခုအခါ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID နံပါတ်တို့ကို အတုအပပြုလုပ်၍ မသိနားမလည်သည့်ပြည်သူများ အပေါ် အခွင့်ကောင်းယူကာ အခကြေးငွေရယူဆောင်ရွက်ပေးနေသူများလည်းရှိနေကြောင်းနှင့် Account အမျိုးမျိုး၊ ဆက်သွယ်ရေးတယ်လီဖုန်းနံပါတ်အမျိုးမျိုးဖြင့် တရားမဝင်ကြော်ငြာများကို Online မှ မဟုတ်မမှန်ဖော်ပြဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID တို့ကို အတုအပပြုလုပ်ခြင်း၊ လက်ဝယ်ကိုင်ဆောင်အသုံးပြုခြင်းတို့သည် ပြစ်မှုမြောက်သည့်အတွက် ထိရောက်သော ပြစ်ဒဏ်ချမှတ်ခံရနိုင်ပြီး လက်ရှိတွင်လည်း အတုအပပြုလုပ်ဆောင်ရွက်သူ၊ လက်ဝယ်ကိုင်ဆောင် အသုံးပြုသူများအား နည်းမျိုးစုံဖြင့် စစ်ဆေးဖော်ထုတ်ကာ တရားစွဲဆိုအမှုဖွင့်၍ ထိရောက်သော ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ လူမှုကွန်ရက်များတွင် တရားမဝင်ကြော်ငြာဖြန့်ဝေ လှုံ့ဆော်ဝါဒဖြန့်ဆောင်ရွက်နေမှုများကိုလည်း ဆက်လက်စစ်ဆေးဖော်ထုတ်ကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်လိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် ပွဲစားများဖြင့်ဆောင်ရွက်ခြင်း၊အတုအပကိုင်ဆောင်အသုံးပြုခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ဧမ္ဘာသီရိမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် သြဂုတ် ၃

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးသည် တာဝန်ရှိသူများနှင့် အတူ ယနေ့မွန်းလွဲပိုင်းက ဧမ္ဘာသီရိမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေးကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ဧမ္ဘာသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ ကွင်းအမှတ်(၁၆၅၉) တောင်သူဦးမြဟန်၏ စူပါနံ့ကောက်စပါး ရိတ်သိမ်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ပြီး သီးနှံများ ပန်းတိုင်အထွက်နှုန်းထက် ကျော်လွန်ထွက်ရှိနိုင်ရေး၊ ရိတ်သိမ်းခွေလှေ့စက်အသုံးပြု၍ စပါးရိတ်သိမ်းရာတွင် စပါးလေလွင့်ဆုံးရှုံးမှုနည်းပါးအောင် ရိတ်သိမ်းရန်နှင့် သီးထပ်စွမ်းအား တိုးတက်စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တောင်သူ ဦးဇော်ဝင်း၏ လယ်တွင် မိုးစပါး ဧရာမင်းစပါးမျိုး စိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်အတွင်း သီးနှံစိုက်ပျိုးမြေများကို ရာသီပြည့်စိုက်ပျိုးနိုင်ရေး၊ တောင်သူများအနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်းလမ်းများ မှန်ကန်အောင် ဆောင်ရွက်နိုင်ရေး၊ သဘာဝမြေဆွေးများပြုလုပ်ပြီး ထည့်သွင်းအသုံးပြုစိုက်ပျိုးနိုင်ရေး၊ ပေါင်းမြက်များ အချိန်မီရှင်းလင်းနိုင်ရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ တစ်နှစ် သုံးသီးစိုက်ပျိုးပြီး သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ အထွက်တိုးမျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးနိုင်ရေး၊ သတ်မှတ်ထားသည့် ပန်းတိုင် အထွက်နှုန်းရရှိရေးနှင့် သဘာဝမြေသြဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲနိုင်ရေး အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားခဲ့သည်။

မျိုးသီဟ(ပြန်/ဆက်)

တနိုင်းမြို့၌ မြန်မာအိလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

တနိုင်း သြဂုတ် ၃

ရွေးကောက်ပွဲကာလတွင် မဲပေးစက်များကို အခက်အခဲမရှိအမှားအယွင်းကင်းစွာ ဆောင်ရွက်နိုင်ရန် သြဂုတ် ၂ ရက် နံနက်ပိုင်းက မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ပုန်ခုန်းကောင်းရပ်ကွက် ဟူးကောင်းခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ၊ လုံခြုံရေးနှင့် ရွေးကောက်ပွဲနယ်မြေတိုးမြှင့်ဆောင်ရွက်မှုအခြေအနေများကို ချပြရှင်းလင်းပြီး မြို့နယ် ရွေးကောက်ပွဲကော်မရှင် ဦးစီးမှူး ဦးကျော်သက်ပိုင်က မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ နည်းလမ်းများကို သရုပ်ပြရှင်းလင်းပြောကြားခဲ့သည်။

မနောမြေ(တနိုင်း)

တာချီလိတ်မြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အိမ်တိုင်ရာရောက် UID ကတ်ပြုလုပ်ပေး

တာချီလိတ် သြဂုတ် ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းသဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူနိုင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အိမ်တိုင်ရာရောက်ကွင်းဆင်း၍ Biometric Data ကောက်ယူပြီး UID ကတ်ပြုလုပ်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ဆေခမ်းရပ်ကွက်နေ နိုင်ငံ့ဝန်ထမ်းစစ်မှုထမ်း အငြိမ်းစားတစ်ဦးအား အိမ်တိုင်ရာရောက် ကွင်းဆင်း၍ UID ကတ်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့် ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူနေကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများနှင့် ပင်စင်လာရောက်ထုတ်ယူနိုင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric Data ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းကို ဇူလိုင် ၂၁ ရက်မှစ၍ ဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၅၀၄ ဦးအား UID ကတ်ပြုလုပ်ပေးပြီး ဖြစ်ကြောင်း သိရသည်။

သန်းဇော်(ပြန်/ဆက်)

မင်္ဂလာဒုံမြို့နယ်၌ မြို့နယ်အဆင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

ရန်ကုန် သြဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားကြိုးဝိုင်းတွင် ယမန်နေ့နံနက်ပိုင်းက မြို့နယ်အဆင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ပြုလုပ်ရာ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းနိုင်က စိုက်ပျိုးသွားမည့် ပျိုးပင်များအား တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းနိုင်နှင့် သစ်တောဝန်ထမ်းများ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန လှော်ကားရေဝေရေလဲဒေသ တာဝန်ခံ ဦးမျိုးမြင့်အောင်နှင့် ဝန်ထမ်းများက ကျွန်း ၃၀၀၊ ပျဉ်းကတိုး ၁၅၀၊ ပျဉ်းမ ၂၀၀၊ ခရေ ၅၀နှင့် မန်ဂျန်ရှား ၂၀၀ စုစုပေါင်းပျိုးပင် ၉၀၀ တို့ကို စုပါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် သြဂုတ် ၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၈-၂၀၂၅ တနလင်္ဂနေ့

MRTV HD

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ ဟရိတ်ဓာရုတော်(ရတနာသုတ်)
- ၀၇:၀၀ နံနက်သတင်း
- ၀၇:၁၀ ပုံကနုန်စီးဝတ်ဖြင့်ဂိုဏ် MSME အရောင်းမြှင့်များဈေးကြေးပါဒို
- ၁၀:၀၀ သတင်းထက်သတင်း
- ၁၀:၁၅ အပြင်ဆုံးသောပြင်ပေတူ
- ၁၁:၃၀ ကြာလည်ထမ်ပတ်ဟသ "ဧရာဝတီတက်အလက်ခ ကျော်ရွှေမြတ်ကြည့်" (၁၉၃၉-၁၉၄၃)(အပိုင်း-၃)
- ၁၂:၃၅ နိုင်ငံခြားဓာတ်လမ်းတွဲ(ကိုရီယားနား) "ရုသားနောက်ကွယ်" (အပိုင်း-၂)
- ၁:၃၅ MRTV National News
- ၂:၀၀ မြန်မာတက်လမ်းတွဲ "ဘဝ့ဇာတ်ပွိုင်း" (အပိုင်း-၂)
- ၂:၃၀ နိုင်ငံခြားဓာတ်လမ်းတွဲ(ကရက်) "ကော်ဝင်ကေးခွဲ" (အပိုင်း-၁၂)
- ၃:၃၅ ကျန်းမာရေးချစ်ရင်း (ကျန်းမာရေးဘဏ္ဍာကိုကိုရင်ထေးဝယ်ဦးအရိပ်ရဲ့)
- ၅:၀၀ The Sports Editors's Top Picks Of This Week
- ၅:၁၀ သတင်းသမားမြင်တဲ့သတင်းစကား
- ၅:၃၅ This Week's Special Interest
- ၅:၃၅ ပြည်သူ့သားမွန်တေးသံတက်
- ၅:၄၅ သံလင်ခိုမြန်မာတေးအလှ
- ၆:၀၀ နိုင်ငံခြားဓာတ်လမ်းတွဲ (ကိုရီယားနား) "ရုသားနောက်ကွယ်" (အပိုင်း-၂၀)
- ၂:၀၀ ပြည်တွင်းသတင်း
- ၂:ဝ၀ နိုင်ငံတကာသတင်း
- ၂:ဝ၀ ပိုးလေသေအခြေခန
- ၂:ဝ၀ ပြည်သူ့သားမွန်တေးသံတက်
- ၂:ဝ၀ သံလင်ခေါ်ခြာစတီရီယိုတေးကဗျာ
- ၂:ဝ၀ နိုင်ငံခြားဓာတ်လမ်းတွဲ "ဓာတ္တမ် ရုန်ကိုင်းတစ်ခုခဲ့ခိုနိုး" (အပိုင်း-၁၂)
- ၂:ဝ၀ ရုပ်မြင်သံကြားဓာတ်လမ်း

mtv

- 07:01 Evergreen Classic: Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon)
- 07:07 Late Masters' Art Exhibition
- 07:33 Myanmar Betels
- 07:44 Listening Pleasure, Instrumental Music (Don Min) Kyay Say Ta Man
- 08:01 News
- 08:26 Asia Updates: Jewels at Our Feet
- 08:37 Sri Ksetra, Field of Fortune & Glory (Part-1)
- 09:01 Taung Byone Nat Festival (Ep-1)
- 09:28 Dinu Food: Tofu Dish
- 09:35 Gardener of Royal Thazin Floral
- 10:01 News
- 10:26 Topical Topics: Kyauk Pha Yone Thee or Wax Gourd

Me

- ၀၆:၀၀ အတွင်းမွေ့ဖက်တေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အာက(ကယား)
- ၀၆:ဝ၀ မြန်မာသံစဉ်တေးများ
- ၀၇:ဝ၅ မြန်မာတက်လမ်းတွဲ "လက်ငင်းခင်" (အပိုင်း-၀)
- ၀၇:ဝ၅ "အရွယ်ဝိုးစက်များ" တေးဂီတလှည့်ခြေ
- ၀၇:ဝ၀ နိုင်ငံခြားသံစဉ်တေးများ
- ၀၇:၂၀ ကာတွန်း "ပြိတ္တာမိုကြီးယမ်ရှင်ရှစ်စာခန်" (အပိုင်း-၃၆)
- ၀၇:ဝ၅ တရီယိုတေးများ
- ၀၇:ဝ၀ မြန်မာရုပ်ရှင်(ဖြူမည်း) "ဝန်းတား"

MRTV HRC

- ၀ဃေကာရုင် (၀၆:၀၀ မှ ၀၇:၀၀) ဒေသဓာတုရာနီဘိတိကြော
- ဘရနားကိုင်းကရင် (၀၇:၀၀ မှ ၀၈:၀၀) ထယင်ကြမ်းခဲ၏တမ်ခိုး(ဇာတ်လမ်းတို)
- ဘရရှိုင်းကရင် (၀၈:၀၀ မှ ၀၉:၀၀) ဘုရင်ညီလှလို့အာယည်ကျွေးကြရအောင်
- ချင်း (ရိုင်ဖိုး) (၀၉:၀၀ မှ ၁၀:၀၀) တောင်ဝေယဉ်ရိုးရာအလှ(အပိုင်း-၁)
- ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀) ကျန်းမာရေးဘဏ္ဍာ၏အာရီအာနီသင်ပတ္တေးတဲ့ ယန်ကျည်းသီး
- မှန် (၁၁:၀၀ မှ ၁၃:၀၀) ဂဝယင်ကျေးမှု
- ရခိုင် (၁၃:၀၀ မှ ၁၅:၀၀) အနောက်ရိုးမတီးကျေတေးသံများ(အပိုင်း-၂)
- ရှမ်း (၁၅:၀၀ မှ ၁၇:၀၀) ကျွန်ဟိန်း-တောင်ကြီးကြားကမ္ဘာ့ပြီးတဲ့လမ်းခရီး
- ၀ (၁၇:၀၀ မှ ၁၉:၀၀) ကျိုင်းတုံ'ဝ'ပြိုရာတင်ရဲ့ချမ်းနည်း
- ကချင် (၁၉:၀၀ မှ ၂၁:၀၀) ကချင်ဘာသာစကားပြန်ကြရအောင်
- ကယား (၂၁:၀၀ မှ ၂၂:၀၀) ယညာပန်းနင့်အလှဆင်

MRTV NEWS

- ၀၆:၀၀ အတွင်းတေးသီချင်း
- ၀၆:ဝ၅ လူပဲလုပ်ကျွမ်းကျင်အားကစား
- ၀၆:ဝ၀ အားကစားသတင်း
- ၀၈:ဝ၀ နိုင်ငံတကာသတင်း(LIVE)
- ၀၈:ဝ၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:ဝ၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:ဝ၀ ပြည်တွင်းသတင်း(LIVE)
- ၁ဝ:ဝ၅ Sports Diary
- ၁:ဝ၅ ထူးချားရုပ်လင်းအာရပစိဖိတ်အစီအစဉ်
- ၁:ဝ၀ နိုင်ငံတကာသတင်း(LIVE)
- ၁:ဝ၀ နိုင်ငံတကာသတင်း(LIVE)
- ၁:ဝ၀ MRTV National News
- ၁:ဝ၅ ပြည်တွင်းသတင်း(LIVE)
- ၁:ဝ၀ သတင်းမုန်ကဏ္ဍ(LIVE)
- ၁:ဝ၀ နိုင်ငံတကာသတင်း(LIVE)
- ၁:ဝ၅ Football Highlights

MRTV PARLIAMENT

- ၀၇:၀၀ အတွင်းအလ
- ၀၇:ဝ၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ "ကိုရီယားနိုင်ငံ"
- ၀၇:ဝ၀ ဥပဒေရေးရာအခြေခြာတက်လမ်းတို "လူမိုတ်တို့သားစုလမ်း"
- ၁:ဝ၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ "ဓင်ကျွန်နိုင်ငံ"
- ၁:ဝ၀ နိုင်ငံတကာမြေတောက်ပွဲများအကြောင်း "ကိုရီယားနိုင်ငံ" (အပိုင်း-၂)
- ၁:ဝ၀ ရှေ့ဘိုရိုယဉ်ပန်းတိုင်ပီ (အပိုင်း-၀၀)

MRTV FARMERS HD

- ၀၆:၀၀ အတွင်းနိုင်ငံတော်သီချင်း
- ၀၆:ဝ၅ တကျေးလက်ဒေသမြို့ပြကရေးရာသည် နိုင်ငံတော်ဖွံ့ဖြိုးရေးပဓိသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁:ဝ၅ How Texas Farmers Use 127 Million Acres Of Farmland - American Farming Documentary
- ၁:ဝ၀ License to Farm
- ၂:၀၀ ရွယ်လီတသာ (ဇာတ်လမ်း)
- ၂:၂၀ Holidate (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS HD

- ၀၆:၀၀ အတွင်
- ၀၆:၂၀ လူပဲလိုက်အတွက်လမ်းပြကြယ်
- ၀၆:ဝ၅ Sports Diary
- ၀၆:ဝ၅ This Sports Editor's Top Picks of this Week
- ၁:ဝ၀ အားကစားသတင်း
- ၁:ဝ:ဝ၀ Basketball Talk Show Program (Ep-4)

Scan Here — MRTV, MRTV, MRTV Radio, MRTV Radio

Education Channel — ရန်ကုန်(ဖြူဆေးကုန်းမှ ဝေးခြောင်းမှတ် (၆)ကုန်း) (၆)ကြိုးနှုန်း ထုတ်လွှင့်ခြင်းသဟဇာတိုင်းသည်။

မိတ္ထီလာ – တောင်ကြီးလမ်း ချောင်းရေတိုက်စားမှု ကြည့်ရှုစစ်ဆေး

ကလော သြဂုတ် ၃

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးကျော်မျိုးထွန်း၊ အင်ဂျင်နီယာချုပ် ဦးကျော်သီဟနှင့် တာဝန်ရှိသူများသည် ကလော မြို့နယ် မကွေကျေးရွာအနီး မိတ္ထီလာ – တောင်ကြီး မိုင်တိုင် အမှတ် (၅၄/၃၅၄/၄) တွင် ချောင်းရေ တိုက်စားမှုကြောင့် လမ်းနှတ်ခမ်းပွဲကျမှု ဖြစ်ပွားသည့် နေရာသို့ ယနေ့ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အဖွဲ့သည် စက်ယန္တရားများဖြင့် မြေဖြိုခြင်း၊ ကမ်းကာပ်ခုံပြင်ဆင်ခြင်း၊ မကွေကျေးရွာသင်ကျောင်း ချောင်းရေတိုက်စားခဲ့မှု အခြေအနေများ နှင့် ရေလွှဲချောင်း တူးဖော်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး တင်ပြချက်များနှင့်ပတ်သက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး စနစ်တကျဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ဗိုင်းယန်းမြို့နယ်၌ စပါးမျိုးစေ့နှင့် ဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်

ဗိုင်းယန်း သြဂုတ် ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဗိုင်းယန်းမြို့နယ်၌ ၂၀၂၅ – ၂၀၂၆ ပြည်နယ်ဒွေလုံးဒွေရင်း ရန်ပုံငွေဖြင့် စပါးမျိုးစေ့ထုတ်နှင့် စံပြကွက်များအတွက် စိုက်ပျိုးတောင်သူများအား မျိုးစေ့နှင့်ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဝိန်းလိတ်ရပ်ကွက်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာန နယ်စပ်ခြံ၌ ယနေ့ကျင်းပသည်။

စပါးမျိုးစေ့ထုတ် စံပြကွက် စိုက်ပျိုးတောင်သူများအား မျိုးစပါးစိုက်တစ်ဧကလျှင် ကွန်ပေါင်းမြေသြဇာ ၅၀ ကီလို တစ်အိတ်၊ ယူရီးယားဓာတ်မြေသြဇာ ၅၀ ကီလို တစ်အိတ်နှင့် သဘာဝမြေသြဇာ၂၅ ကီလို လေးအိတ်နှုန်းဖြင့် စပါးစံပြကွက် ငါးဧက၊ စပါးမျိုးစေ့ထုတ် ၁၀ ဧက၊ ပဲပုပ် စံပြကွက် နှစ်ဧကတို့အတွက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းထူး**

ရေးမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID နံပါတ်များ ထုတ်ပေး

ရေး သြဂုတ် ၃

မွန်ပြည်နယ် ရေးမြို့နယ်၌ ပန်းခင်းစီမံချက် အဆင့်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ဇီဝအချက်အလက်များ (Biometric Data) ကောက်ယူ၍ UID (Unique Identification Number) နံပါတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရေးမြို့နယ်ဦးစီးမှူးရုံး၌ မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် ဝန်ထမ်းများက တောင်ဘုံကျေးရွာသူ၊ ကျေးရွာသားများအား ဆက်လက်ဆောင်ရွက်ပေးသည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် ကျေးရွာနေ ပြည်သူများအတွက် ဆောင်ရွက်ပေးမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရေးခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရည်သန့်က ကြီးကြပ်ဆောင်ရွက်ပေးပြီး e-ID စနစ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID နံပါတ်

ထုတ်ပေးခြင်းကို ကျေးရွာပြည်သူ ၁၃၀ တို့အား နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့ကာ ကျန်ရှိသည့် ကျေးရွာများကိုလည်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ဗိုင်းယန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ အသိပညာပေး

ဗိုင်းယန်း သြဂုတ် ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဗိုင်းယန်းမြို့နယ်တွင် ကျေးရွာဒေသခံတိုင်းရင်းသားပြည်သူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းကို ဗိုင်းလွေကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ ယနေ့ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေးကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲခွဲရုံးမှ တာဝန်ရှိသူများက ကျေးရွာနေပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပူတာအိုခရိုင်၌ ဘက်ထရီအားသွင်းစက်အသုံးပြုနည်းသင်တန်းပွင့်

ပူတာအို သြဂုတ် ၃

ကချင်ပြည်နယ် ပူတာအိုခရိုင် ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ ပူတာအိုခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ ဝန်ထမ်းများအား အီလက်ထရောနစ်မဲပေးစက်တွင် အသုံးပြုမည့် ဘက်ထရီများအတွက် ဘက်ထရီအားသွင်းစက်နှင့်ပတ်သက်၍ မှန်ကန်စွာ အသုံးပြုနိုင်ရန်ရည်ရွယ်၍ ဘက်ထရီ အားသွင်းစက်အသုံးပြုနည်းသင်တန်းကို ယနေ့ဖွင့်လှစ်သည်။

သင်တန်းတွင် အီလက်ထရောနစ်မဲပေးစက်နှင့် ချိတ်ဆက်တပ်ဆင်နည်း၊ ဘက်ထရီအားသွင်းနည်း၊ ဘက်ထရီအသုံးပြုပုံ အသုံးပြုနည်းများကို သင်တန်းနည်းပြများက စာတွေ့လက်တွေ့သင်ကြားပို့ချပေးကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃-၈-၂၀၂၅)

ပင်လောင်းမြို့	၆ ဒသမ ၅၀	လက်မ
ရွှေကျင်မြို့	၅ ဒသမ ၃၁	လက်မ
မဒေါက်မြို့	၄ ဒသမ ၅၃	လက်မ
ပူတာအိုမြို့	၂ ဒသမ ၆၄	လက်မ
ခန္ဓီးမြို့	၁ ဒသမ ၈၁	လက်မ
မိုးကောင်းမြို့	၁ ဒသမ ၇၃	လက်မ
တံတားဦး (လေကြောင်းမိုးလေဝသ)	၁ ဒသမ ၅၇	လက်မ
မြစ်ကြီးနားမြို့	၁ ဒသမ ၅၇	လက်မ
ညောင်လေးပင်မြို့	၁ ဒသမ ၅၄	လက်မ
ကော့သောင်းမြို့	၁ ဒသမ ၃၅	လက်မ

အငြိမ်းစားဝန်ထမ်းများအား Biometric အချက်အလက် ကွင်းဆင်းကောက်ယူ

မန္တလေး သြဂုတ် ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ကြီးတံခွန်မြို့နယ်ဦးစီးမှူးရုံးတွင် ပြည်ကြီးတံခွန်မြို့နယ် ရပ်ကွက်များတွင် နေထိုင်သော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ယမန်နေ့က Biometric အချက်အလက်ကောက်ယူ၍ UID နံပါတ် ထုတ်ပေးခြင်းအား ကွင်းဆင်း ဆောင်ရွက်ပေးရာ မဟာအောင်မြေခရိုင် ဦးစီးမှူးနှင့် ပြည်ကြီးတံခွန်မြို့နယ် ဦးစီးမှူးတို့က အငြိမ်းစားဝန်ထမ်းပင်စင်စားများအားတွေ့ဆုံ၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အလားတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဦးစီးမှူးရုံးတွင် လည်း သြဂုတ် ၁ ရက်က အငြိမ်းစားဝန်ထမ်းများအား Biometric ကောက်ယူခြင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးပျောက်ဆုံးနေသော နိုင်ငံ

သားစိစစ်ရေးကတ်နှင့် အိမ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရ ထောင်စု လူဦးရေစာရင်းများအား သည်။ **မောင်ပြည်သူ(မန္တလေး)**

ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မြန်မာ(ယူ-၂၂)အသင်းနှင့် မြန်မာ ယူ-၁၉ အသင်း သြဂုတ် ၂ ရက်က ခြေစမ်းကစားစဉ်။

နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာ ယူ-၂၂ အသင်း ပြန်လည်လေ့ကျင့်

ရန်ကုန် သြဂုတ် ၃

မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် သြဂုတ် ၂ ရက်မှစ၍ ပြန်လည်လေ့ကျင့်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသားကူရိုဆာကီက ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ပဏာမကစားသမား ၃၀ ဝန်းကျင်ဖြင့် လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ပြည်တွင်း လိဂ်ပြိုင်ပွဲမစတင်မီ နေ့စဉ် လေ့ကျင့်မည်ဖြစ်ပြီး လိဂ်ပြိုင်ပွဲ ကာလတွင် တစ်ပတ်လျှင် နှစ်ရက် လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဇူလိုင် ၁၅ ရက်မှ ၂၉ ရက်အထိ အင်ဒိုနီးရှား နိုင်ငံ၌ကျင်းပသည့် ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်အပြီး ရက်ပိုင်းသာအနားယူကာ စက်တင်ဘာတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၆ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲနှင့် ဒီဇင်ဘာတွင် ယှဉ်ပြိုင်ရမည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အတွက် ပြန်လည်ပြင်ဆင်ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် နည်းပြသစ် ကူရိုဆာကီလက်ထက်တွင် နိုင်ငံတကာပြိုင်ပွဲနှင့် ခြေစမ်းပွဲများ၌ နိုင်ပွဲလုံးဝမရသေးဘဲ နိုင်ပွဲရယူနိုင်ရန် ရုန်းကန်နေရသည်။ အာဆီယံ ယူ-၂၃ ပြိုင်ပွဲတွင် လည်း ထိုင်း၊ တီမောနှစ်သင်းစလုံးကို သရေကျပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ အသင်းသည် အုပ်စု (B) တွင် ဂျပန်၊ ကူဝိတ်၊ အာဖဂန်နစ္စတန် အသင်းတို့နှင့် ကျရောက်နေကာ ယင်းအုပ်စုကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်သည်။ (၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲကိုမူ အုပ်စုခွဲဝေခြင်း မရှိသေးကြောင်း သိရသည်။ **သော်လေးဓာတ်ပုံ-MFF**

ယူ-၁၉ လိဂ်တွင် YCDC MHDT အသင်းနှင့် FFU မင်းမဟော်အသင်း ယှဉ်ပြိုင်စဉ်။

FIFA-MFF ဖူဆယ် ယူ-၁၉ လိဂ်တွင် Winner Soccer အသင်း၊ ယူ-၁۷ လိဂ်တွင် Kyaung Sayar Tharhtwe အသင်း နိုင်ပွဲရယူပြီး ဆက်လက်ဦးဆောင်

ရန်ကုန် သြဂုတ် ၃

FIFA-MFF လူငယ်ဖူဆယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၁၆) ကို သြဂုတ် ၃ ရက်တွင် ရန်ကုန်ဗြိုရှိ MFF ဖူဆယ် အားကစားရုံနှင့် တောင်ဒဂုံ အားကစားရုံ၌ ဆက်လက်ကျင်းပ ရာ ယူ-၁၉ လိဂ်တွင် Winner Soccer အသင်း၊ ယူ-၁۷ လိဂ်တွင် Kyaung Sayar Tharhtwe အသင်း နိုင်ပွဲရယူပြီး ဆက်လက်ဦးဆောင်နေသည်။

ယူ-၁۷ ဖူဆယ်လိဂ် ပွဲစဉ်(၁၆) တွင် Kyaung Sayar Tharhtwe အသင်းက Avengers Junior အသင်းကို ခုနစ်ဂိုးပြတ်၊ Pacific Sun Far အသင်းက King Cobra အသင်းကို လေးဂိုး – နှစ်ဂိုး၊ Jullniss အသင်းက FFU မင်းမဟော်အသင်းကို လေးဂိုး–နှစ်ဂိုး၊ Golden Boys အသင်းက Victoria အသင်းကို နှစ်ဂိုး–ဂိုးမရှိ ဖြင့် အနိုင်ရရှိပြီး ရွှေပြည်သာ ယူနိုက်တက်အသင်းနှင့် TKA Star အသင်းက နှစ်ဂိုးစီသရေ၊ မလိခ အသင်းနှင့် SGF အသင်း ဂိုးမရှိ သရေကျခဲ့သည်။ ပွဲစဉ် (၁၆) အပြီး တွင် Kyaung Sayar Tharhtwe အသင်းက ၄၈ မှတ်ဖြင့် ဆက်လက် ဦးဆောင်နေပြီး Pacific Sun Far အသင်းက ၃၈ မှတ်၊ Golden Boys အသင်းက ၃၀ မှတ်၊ SGF အသင်းက ၂၉ မှတ်၊ Victoria အသင်းက ၂၈ မှတ်၊ Jullniss အသင်းက ၂၃ မှတ်၊ King Cobra အသင်းနှင့် Avengers Junior အသင်းတို့က ၂၂ မှတ်စီ၊ မလိခ အသင်းက ရမှတ် ၂၀၊ FFU မင်းမ ဟော်အသင်းက ရှစ်မှတ်၊ TKA Star အသင်းက ခြောက်မှတ်၊ ရွှေပြည်သာ ယူနိုက်တက်အသင်း က နှစ်မှတ်ရရှိထားသည်။

ယူ-၁۷ ဖူဆယ်လိဂ် ပွဲစဉ်(၁၆) တွင် Winner Soccer အသင်းက Generations အသင်းကို ငါးဂိုး–နှစ်ဂိုး၊ YRG အသင်းက Pacific Sun Far အသင်းကို ခုနစ်ဂိုးပြတ်၊ VUC ULAD အသင်းက MIU အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ YCDC MHDT အသင်းက FFU မင်းမဟော် အသင်းကို သုံးဂိုးပြတ်၊ Royal Noka အသင်းက ရွှေပြည်သာ ယူနိုက်တက်အသင်းကို ခုနစ်ဂိုး–တစ်ဂိုး၊ JV အသင်းက ဖူဆယ် ချစ်သူအသင်းကို ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပွဲစဉ် (၁၆) အပြီး တွင် Winner Soccer အသင်းက ၃၆ မှတ်ဖြင့် ဆက်လက်ဦးဆောင် နေပြီး YCDC MHDT အသင်းက ၃၅ မှတ်၊ YRG အသင်းက ၃၃ မှတ်၊ JV အသင်းက ၂၄ မှတ်၊ ဖူဆယ် ချစ်သူအသင်းက ၂၃ မှတ်၊ VUC ULAD အသင်းက ၂၂ မှတ်၊ MIU အသင်းက ၂၁ မှတ်၊ Royal Noka အသင်းက ၁၅ မှတ်၊ Pacific Sun Far အသင်းနှင့် Generations အသင်းတို့က ၁၄ မှတ်စီ၊ FFU မင်းမဟော်အသင်းက ခုနစ်မှတ် ရထားပြီး ရွှေပြည်သာယူနိုက်တက် အသင်းက အမှတ်လျှော့ခံထားရ သဖြင့် –၆ မှတ်ဖြင့် ယှဉ်ပြိုင်နေရ သည်။

ရဲရင့်လွင်၊ဓာတ်ပုံ-MFF

MNL-2 (ပထမတန်း)ပြိုင်ပွဲ အဖွင့်ပွဲ မြဝတီအသင်း ဂိုးပြတ်နိုင်ပြီး တက္ကသိုလ်နှင့် ကချင်ယူနိုက်တက် သရေကျ

ရန်ကုန် သြဂုတ် ၃

၂၀၂၅-၂၀၂၆ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ပထမနေ့ကို သြဂုတ် ၃ ရက်က စတင်ကျင်းပရာ မြဝတီ အသင်း ဂိုးပြတ်အနိုင်ရပြီး တက္ကသိုလ်နှင့် ကချင်ယူနိုက်တက် အသင်း သရေကျသည်။

ပဒုမ္မာကွင်းခ၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက ငွေကြေယ်ပွင့်အသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် ဒုတိယပိုင်းသွင်းဂိုးများဖြင့် ဂိုး ပြတ်အနိုင်ရကာ အဖွင့်ရလဒ် ကောင်းခဲ့သည်။ ငွေကြေယ်ပွင့် အသင်းမှာမူ ပထမပိုင်းတွင် သရေ ကစားနိုင်သော်လည်း ဂိုးပြတ် အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ မြဝတီ အသင်းအတွက် အနိုင်ဂိုးများကို ၅၅ မိနစ်တွင် မြတ်မင်းဦး၊ ၆၈၊ ၈၂ မိနစ်တွင် နိုင်ဇင်ထက်၊ ၈၈၊ ၉၀ မိနစ်တွင် လန်းဆန်းအောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မြဝတီအသင်း မှ လန်းဆန်းအောင်က ရရှိသည်။

တက္ကသိုလ်ကွင်း၌ ကျင်းပ သည့်ပွဲတွင် တက္ကသိုလ်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း ဂိုးမရှိ သရေကျခဲ့သည်။ ပြီးခဲ့သည့်ရာသီ ဒုတိယရခဲ့သည့် တက္ကသိုလ် အသင်းသည် အဖွင့်ပွဲတွင် နိုင်ပွဲ ဟောက်ဆုံးခဲ့ပြီး ကချင်ယူနိုက်တက် နှင့် အမှတ်ခွဲယူခဲ့သည်။ ယင်းပွဲ အတွက် အကောင်းဆုံးဆု ကို ကချင်ယူနိုက်တက်အသင်းမှ သက်ပိုင်စိုးက ရရှိသည်။

မြဝတီအသင်းနှင့် ငွေကြေယ်ပွင့်အသင်း။

ပွဲစဉ်(၁)ဒုတိယနေ့ကိုသြဂုတ် ၄ ရက်တွင် ဆက်လက်ကျင်းပ မည်ဖြစ်ပြီး ပဒုမ္မာကွင်းခ၌ YB United အသင်းနှင့် Chin-land အသင်း၊ တက္ကသိုလ်ကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် Glory Goal အသင်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ **မောင်ညီ၊ ဓာတ်ပုံ-MNL**

❒ *ကျောဖုံးမှ*

အသက် ၂၂ နှစ်အရွယ် တိုက်စစ်ကစားသမား ဟွိုက်လန်းဆက်ရှိနေမည် လားဆိုသည့် မေးမြန်းမှုကို အသင်းနည်းပြ ရှုဘင်အမ်မိုရင်က တိုက်စစ် ကစားသမား၏ အနာဂတ်နှင့်ပတ်သက်ပြီး အာမခံချက်တစ်စုံတစ်ရာ ပေးရန် ငြင်းဆိုခဲ့ကြောင်း သိရသည်။

ဟွိုက်လန်းသည် အိုးထရက်ဖို့ဒ်သို့ စတင်ရောက်ရှိသည့်နှစ်တွင် ၄၃ ပွဲပါဝင်ကစားထားပြီး ၁၆ ဂိုးသွင်းယူပေးထားနိုင်သော်လည်း ပြီးခဲ့သည့်ရာသီတွင် ပြိုင်ပွဲအရပ်ရပ် ၁၀ ဂိုးသာ သွင်းယူထားနိုင်သည်။ ဘွန်ဒက်စ်လီဂါကလပ် လိုက်ပဇေ့ခ်အသင်းက ဟွိုက်လန်းကို ခေါ်ယူရန် စိတ်ဝင်စားသော်လည်း ကစားသမားက ဘွန်ဒက်စ်လီဂါကလပ်သို့ ပြောင်းရွှေ့ကစားရန် စိတ်ဝင်စားမှုမရှိကြောင်း သိရသည်။

မနီယူအသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် ကစားသမား ခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေးပေါင် သန်း ၁၃၀ နီးပါး သုံးစွဲကာ ဘရွိုင်ယန်အမ်ဗျူးမိုနှင့် မက်သီးယက်စ် ကွန်ညာစသည့် နာမည်ကြီး ကစားသမားများကို ခေါ်ယူအားဖြည့်ထားသည်။

မနီယူအသင်းသည် လာမည့် သြဂုတ် ၁၇ ရက်တွင် ပရီမီယာလိဂ် အဖွင့်ပွဲစဉ်အဖြစ် အသင်းကြီးအာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစား သွားရမည် ဖြစ်သည်။ **အောင်ဧာ**

✻ *ကျောဖုံးမှ*

၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် အသင်းရှစ်သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် ဖိလစ်ပိုင်၊ မြန်မာ၊ သြစတြေးလျ ယူ-၂၃၊ တီမောအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲ များအဖြစ် သြဂုတ် ၇ ရက်တွင် သြစတြေးလျ ယူ-၂၃ အသင်း၊ သြဂုတ် ၁၀ ရက်တွင် တီမောအသင်း၊ သြဂုတ် ၁၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အာဆီယံအမျိုးသမီးချန်ပီယံရှစ် ပြိုင်ပွဲကို ၂၀၀၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာအသင်းအနေဖြင့် ၂၀၀၄ နှင့် ၂၀၀၇ ပြိုင်ပွဲတွင် ချန်ပီယံဆုရယူပြီးနောက်ပိုင်း ချန်ပီယံ ဆုနှင့် ဝေးကွာလျက်ရှိပြီး ၂၀၁၅ ပြိုင်ပွဲ ဗိုလ်လုပွဲတက်ရောက်ပြီးနောက် ဗိုလ်လုပွဲသို့ပင် တက်ရောက်နိုင်ခြင်းမရှိတော့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအတွက် အာရှဖလားခြေစစ်ပွဲပြီးကတည်း က လေ့ကျင့်ပြင်ဆင်ခဲ့သလို ဇူလိုင် ၁၉ ရက်မှ ၃၁ ရက်အထိ တရုတ်နိုင်ငံ သို့ ခြေစမ်းခရီးစဉ် သွားရောက်ခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းသည် တရုတ်ခရီးစဉ်တွင် တရုတ် ယူ-၂၀ အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ၊ တရုတ်ကလပ်အသင်းနှင့် တစ်ပွဲခြေစမ်းကစားသော် လည်း ရလဒ်ပိုင်းထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။ မြန်မာ့လက်ရွေး စင် အမျိုးသမီးအသင်းသည် သြဂုတ် ၁ ရက်တွင် ရန်ကုန်မြို့သို့ပြန်လည် ရောက်ရှိလာပြီး သြဂုတ် ၂ ရက်နှင့် ၃ ရက်တွင် ရန်ကုန်မြို့၌ အပြီးသတ် ပြင်ဆင်ကာ သြဂုတ် ၄ ရက်တွင် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး ကစားသမား ၂၃ ဦး ခေါ်ဆောင်သွားမည်ဖြစ်သည်။

ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မှုးယစ်ဆေး။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဖေဖော်လ)

ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ မိမိကစ၍ ကာကွယ်ပါ။



- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း

ပါးစပ်နှင့်နှာခေါင်းကို
လုံခြုံစွာဖုံးအုပ်ပါ။

အဖုံးပါသော အမှိုက်ပုံးထဲတွင်
သာ စွန့်ပစ်ပါ။

စနစ်တကျ လက်ဆေးပါ။

သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -

ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။

ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများ ဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊

(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံ့မှုခံယူခြင်း။

ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံ့မှုကို မဖြစ်မနေခံယူပါ။

ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။

တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် သြဂုတ် ၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ် ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုး၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၇၇၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Hino Profia Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၅၇၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အပြင် သြဂုတ် ၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မြ၀တီမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသည့် ကျောက်တုံးတစ်တုံးနှင့် ကျောက်ဖြတ်စရောရာ ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၅၀၀၀၀) နှင့် အဆိုပါကျောက်စိမ်းများ တင်ဆောင်လာသည့် Honda Insight မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၈၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သြဂုတ် ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၉၉၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း တရားမဝင် စက်သုံးဆီ၊ ဒီဇယ်ဆီ ကိုးပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၉၉၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ သြဂုတ် ၂ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ်သုံးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၉စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် သြဂုတ် ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၇၉၁၉၀၀၀)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်၍ တရားမဝင်ကုန်စည် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

ကျိုင်းတုံမြို့နှင့် ကျိုက်မရောမြို့နယ်တို့၌ စိတ်ကြွရှူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် သြဂုတ် ၃

ကျိုင်းတုံမြို့နှင့် ကျိုက်မရောမြို့နယ်တို့၌ စိတ်ကြွရှူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

တရားခံ မလင်းအေး(ခ)မနှင်းအောင်၊ စောဖလှအောင် (ခ)စောလှအောင်နှင့် ဘောလုံးတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရှူးသွပ်ဆေးပြားများ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၂ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ကျိုင်းတုံမြို့ ရပ်ကွက်(၅) နောင်တုံကန်ပတ်လမ်း၌ လော်လန်း(ခ)လော်တီးမောင်းနှင်ပြီး နောက်တွင် လီဆန်လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရှူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ကျပ်သိန်း ၇၀) ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ညနေ ၅ နာရီခွဲတွင် သတင်းအရ ကျိုက်မရောမြို့ အောင်သုခ ရပ်ကွက် နန္ဒာလှိုင်လမ်းဆုံတွင် ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ယခုပေါင်းအဖွဲ့ကို ဦးဆောင်ကာ ရဲတပ်ဖွဲ့ဝင် ဗိုလ်ကြီးမင်းဇော်ဦး(ခ)ကိုကိုမင်းဇော်ဦး(ခ)ကိုကိုမင်းဇော်ဦးမှ ပြောကြားခဲ့ပြီး ဆေးပြားများ ရောင်းချခြင်းကို ရပ်ကွက်ခေါင်းဆောင်ကိုယ်တိုင် ပါဝင်ပတ်သက်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဒဂုံမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား

နေပြည်တော် သြဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၌ သြဂုတ် ၁ ရက်က ယာဉ်တိုက်မှုဖြစ်ပွားပြီး အမျိုးသား သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သြဂုတ် ၁ ရက်ည ၈ နာရီ မိနစ် ၄၀ တွင် ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် ရွှေတိဂုံဘုရားလမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၇) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းအတိုင်း တောင်မှမြောက်သို့ ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက်နေ ဆန်းလင်းနိုင်(၄၃)နှစ် မောင်းနှင်လာသည့် MDY-15 9E/---- CALDINA ယာဉ်သည် ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းဆုံအရောက်၌ ဝဲဘက်သို့ ချိုးကွေ့စဉ် မျက်နှာချင်းဆိုင်ဘက်မှ ပန်းဘဲတန်းမြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ သူများဖြစ်ကြသည့် ခန့်သူအောင်(၁၉)နှစ်မောင်းနှင်ပြီး ထက်အာကာမောင်(၁၇)နှစ် လိုက်ပါလာသည့် MDY-18 7E/---- RAV-4 ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဆန်းလင်းနိုင်၊ ခန့်သူအောင်နှင့် ထက်အာကာမောင်တို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ဆန်းလင်းနိုင်အား ဒဂုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် သြဂုတ် ၃

မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဧလ

မိတ္ထီလာမြို့နယ်၌ ဂျင်ဝိုင်းလောင်းကစားပြုလုပ်သူ အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား ဖမ်းဆီးအရေးယူ

နေပြည်တော် သြဂုတ် ၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ သြဂုတ် ၂ ရက်က ဂျင်ဝိုင်းလောင်းကစားပြုလုပ်သူ အမျိုးသား လေးဦးနှင့် အမျိုးသမီး နှစ်ဦးတို့အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သြဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မိတ္ထီလာမြို့နယ် အိုင်ကြီးလည်ကျေးရွာနေ အေးမင်းသန့်(၄၃)နှစ်၏နေအိမ်၌ ဂျင်ဝိုင်းလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မိတ္ထီလာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အေးမင်းသန့်မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး နေအိမ်အောက်ထပ်တွင် အဆိုပါကျေးရွာနေ ဒေါ်စန်းနွယ်(၄၂)နှစ်၊ သီးကုန်းကျေးရွာနေ ဦးနန်း(၄၄)နှစ်၊ စိုပြေဦး(၃၆)နှစ်၊ ထက်ဝေလွင်(၂၃)နှစ်၊ မြို့သစ်(၂)ရပ်ကွက်နေ ဒေါ်ရွှေဝ(၅၂)နှစ်နှင့် ပျော်ဘွယ်မြို့နယ် စံတောကျေးရွာနေ အောင်ကျော်လွင် (၅၆)နှစ်တို့ ခြောက်ဦးအား ဂျင်ဝိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အေးမင်းသန့်နှင့် အောင်ကျော်လွင်ပါ ခြောက်ဦးတို့အား မိတ္ထီလာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းနှင့် တရားခံ အေးမင်းသန့်အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

မြို့နယ်အသီးသီး၌ လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

နေပြည်တော် သြဂုတ် ၃

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ သြဂုတ် ၂ ရက်တွင် လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သြဂုတ် ၂ ရက်တွင် ဘီးလင်းမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ ဘိုးလှကြီးရပ်ကွက်နေ အောင်ကျော်သူ (၅၀)နှစ်၊ ကျိုက်ထိုမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ သိမ်ဗရပ်မြို့ ရွာလေးရပ်ကွက်နေ ရန်နိုင်စိုး(၃၄)နှစ်နှင့် ပေါင်မြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ဇရိုးကျေးရွာနေ အောင်ဟိန်းနိုင်(၂၆)နှစ်တို့အား တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အောင်ကျော်သူပါ သုံးဦးအား သက်ဆိုင်ရာရဲစခန်းများ၌ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

လွယ်ကူလေ့လာ အင်္ဂလိပ်စာ

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနလင်္ဂနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

Grade-9 (Unit-4)

Section (A) Listening

I. Match the adjectives in Column A with their meanings in Column B. (5 marks)

Column A	Column B
1. amazed	(a) working to achieve a goal even if it is difficult
2. motivated	(b) unhappy and without hope
3. confused	(c) very surprised
4. depressed	(d) causing someone to admire or respect
5. determined	(e) getting angry easily
6. exhausted	(f) unable to think clearly or to understand something
7. fascinated	(g) extremely tired
8. frustrated	(h) very keen to do something
9. impatient	(i) feeling annoyed or less confident
10. impressed	(j) extremely interested

Section (B) Reading

II. Fill in the blanks with the appropriate words. Use each word only once. (5 marks)

amazed	motivated	confused	depressed
determined		exhausted	fascinated
frustrated		impatient	impressed

1. I was ..... to find myself doing snorkelling on the water of Indian Ocean. I never thought I would have courage to do that.
2. She was ..... for a long time after losing both of her parents during the COVID 19 pandemic.
3. I am ..... with her management skills. She is an excellent manager.
4. The soldiers were ..... after marching twenty hours without stopping.
5. After listening to the speech of a famous author, Khin Khin Htoo, we were ..... to read more books both for knowledge and for pleasure.
6. Children were ..... by the magician's tricks.
7. She is ..... to fight for her rights.
8. The teacher became ..... of the slow improvement of her students.
9. So many changes happened at work within a week, and all the workers feel ....., They don't know how to react.
10. The young mother got ..... when her spoilt kids jumped on the sofa again and again.

Section (C) Writing

III. Fill each blank with an appropriate word. The initial letters are given to help you. (5 marks)

1. Fashion designers hold a s..... p..... in today's world.
2. It is not easy to be a s..... fashion designer.
3. A fashion designer must be s..... in sketching designs and selecting materials.
4. Making a dress is like creating a p.....of art.
5. I find j..... in my job when I see my customers wearing my outfits.
6. The b..... p..... of my job is working with celebrities.
7. My dream is to organise a f..... s .....one day.
8. U Tar Zan says every single day is d ..... for him.

Answer Keys

I. 1. (c) 2. (h) 3. (f) 4. (b) 5. (a) 6. (g) 7. (j) 8. (i) 9. (e) 10. (d)

II. 1. amazed 2. depressed 3. impressed 4. exhausted 5. motivated 6. fascinated 7. determined 8. impatient 9. confused 10. frustrated

III. 1. special place 2. successful 3. skillful 4. piece 5. joy 6. best part 7. fashion show 8. different

Grade-10 (Unit-4)

I. Choose the appropriate words or phrases to complete the sentences. (10 marks)

1. Painting is the art of drawing in .....,
   A. light B. colours C. pencils
2. Some cave paintings in Europe are believed to be as old as ..... years.
   A. 1,000 B. 15,000 C. 150,000
3. The early period when those cave paintings were made is called the ..... Age.
   A. Bronze B. Palaeolithic C. Iron
4. Early humans used tools and weapons made of .....,
   A. wood B. metal C. stone
5. Water-colour painting is usually done on .....,
   A. glass B. paper C. canvas
6. Oil painting is done using ..... colours.
   A. ink B. dry C. oil
7. Tempera painting uses a mix of pigments, water, egg yolk, and .....,
   A. glue B. chalk C. sand
8. Mural painting is done on ..... plaster.
   A. soft B. dry C. wet
9. Fresco painting is done by brushing colours onto ..... plaster.
   A. dry B. cracked C. wet
10. Most artists paint for the ..... of painting.
    A. money B. beauty C. pleasure
11. Portraits are paintings of a _____.
    A. building B. person C. sunset

Answer Keys

I. 1. B 2. C 3. B 4. C 5. B 6. C 7. A 8. B 9. C 10. C 11. B

Grade-11 (Unit-4)

I. Complete the exchanges, using the expressions given in the box. There is an extra. (5 marks)

Does this swimsuit look good on me?
It is too expensive.
Have you ever ridden a horse before?
I want to introduce you to our favourite Myanmar dish.
The dress suits you perfectly.
Shall we go?

A : ..... (1) ....., It's such an exhilarating experience.
B : No, I haven't. It sounds exciting. Can you teach me?
A : ..... (2) ....., It's called Mont-hin-gah.
B : That's very kind of you. I'm excited to try it!
A : The weather is perfect for a day at the beach. ..... (3) .....,
B : Absolutely! I'll pack some sunscreen and snacks. Let's have fun!
A : How do I look in this dress? I'm going to a special event.
B : You look stunning! ..... (4) ....., You'll be the centre of attention.
A : ..... (5) ....., I can't decide.
B : You look fantastic! The colours and style complement your figure. Rock it!

Answer Keys

I. 1. Have you ever ridden a horse before?
2. I want to introduce you to our favourite Myanmar dish.
3. Shall we go?
4. The dress suits you perfectly.
5. Does this swimsuit look good on me?

Grade-12 (Unit-4)

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. Emotion means a strong human feeling such as love, hatred, anger, or f.....,
2. Emotions have a considerable i..... on our lives.
3. People are mystically connected by feelings of f....., kindness, or love.
4. Emotions are classified into p..... and negative types.
5. Examples of positive emotions include d....., joy, sympathy, empathy, rapture, trust, and love.
6. Negative emotions include a....., fear, anxiety, jealously, grief, greed, and hatred.
7. J..... is a feeling of great happiness.
8. Joy can be caused by a kind w....., a beautiful mountain view, or an interesting shop window.
9. S..... is a feeling of being sorry for someone in a bad situation.
10. We feel sympathy for f..... or crash victims.
11. E..... is the ability to share someone else's feelings.
12. Empathy helps prepare our m..... for challenges.
13. L..... means caring about someone's welfare.
14. Treating someone with loving-kindness means we try to make them h.....,
15. S..... is caused by something unexpected.

Answer Keys

I. 1. fear 2. impact 3. friendship 4. positive 5. delight 6. anger 7. Joy 8. word 9. Sympathy 10. flood 11. Empathy 12. minds 13. Loving-kindness 14. happy 15. Surprise

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုရှိ၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (**English for Students Supplement Editorial Group**) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

ပြီးခဲ့တဲ့ ရာသီက ချန်ပီယံရှစ်မှာ စွမ်းဆောင်ရည်ကောင်းတွေ ပြသထားနိုင်ခဲ့ကြတဲ့ လိဒ်စ်၊ ဘန်လေနဲ့ ဆန်းဒါးလန်းအသင်းတို့ ပရီမီယာလီဂ်ကို တန်းတက်လာနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အဲဒီသုံးသင်းအနက် လိဒ်စ်နဲ့ ဘန်လေအသင်းတို့က ပရီမီယာလီဂ်ကနေ တန်းဆင်းပြီး သိပ်မကြာခင်မှာပဲ တစ်ကျော့ပြန် တန်းတက်ခွင့်ရရှိခဲ့တာပါ။ ဆန်းဒါးလန်းအသင်းက ပရီမီယာလီဂ်နဲ့ အချိန်အတန်ကြာ ဝေးကွာနေပြီးမှ တန်းတက်ခွင့်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။

ပရီမီယာလီဂ် တန်းတက် မိတ်ဆက်

